ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (16-4-2006)(၄၉၂၉)

အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးနေအောင် ကြိုးစား

မောင်တောဒေသအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ဆက်စပ်ပြီး အပြန်အလှန် ကူးလူးဆက်ဆံနေသော မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူး စသည့် နယ်စပ်ဒေသများအနက် မောင်တောဒေသသည် အခြားနယ်စပ်ဒေသများနှင့်အတူ ယှဉ်တွဲ၍ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးနေအောင် ကြိုးစားကြရမှာဖြစ်။

အုပ်ချုပ်ရေးအရ မောင်တောကို မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ အဆင့်မြှင့်တင်ပေးခဲ့ မိမိတို့နယ်မြေဒေသကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်အောင်အလုပ်လုပ် ဒေသဖွံ့ဖြိုးရေးဖော်ဆောင်ရာ၌ ကျေးလက်ဒေသများပါ ဖွံ့ဖြိုးလာအောင် ကွင်းဆင်းဆောင်ရွက် နိုင်ငံတော်၏ စီမံပေးမှုများနှင့် ဖန်တီးပေးထားသော အခြေခံများကို ထိထိရောက်ရောက်အသုံးချ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားအလုပ်လုပ်ကြရန် အရေးကြီး

ရန်ကုန်　ဧပြီ　၁၅

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား လမ်းညွှန်မှာကြားစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၆–၄–၂၀၀၆
(တနင်္လာနေ့)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိမိပြည်နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး ဖိဖိစီးစီး ကြိုးကြိုးစားစား ဆောင်ရွက်

မြန်မာနိုင်ငံသည် ရေမြေသဘာဝ သယံဇာတကောင်းမွန်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံအတွင်းရှိ ရေမြေသယံဇာတများကို အကျိုးရှိရှိ အသုံးပြုပြီး စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ သားငါးကဏ္ဍ စသည်တို့၌ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အဓိကနေရာမှ ပါဝင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့သည်နှင့်အမျှ စီးပွားအခွင့်အလမ်းများ တွင်ကျယ်လာမည်ဖြစ်ပြီး ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးလာမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်သွားလာမှု ခက်ခဲသည့် ရခိုင်ပြည်နယ်တွင် မြစ်ကူး၊ ချောင်းကူး တံတားကြီးများကိုလည်းကောင်း၊ ပြည်ထောင်စုလမ်းမကြီးများကိုလည်းကောင်း နိုင်ငံတော်က ဘဏ္ဍာငွေကြေး အမြောက်အမြား အကုန်အကျခံကာ ဖောက်လုပ်ပေးခဲ့သည်။ ထို့ကြောင့် ယခုအခါ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားပြည်သူများသည် အခြားပြည်နယ်နှင့် တိုင်းများသို့ မော်တော်ယာဉ်များဖြင့် လွယ်လင့်တကူ ကူးသန်းသွားလာနေကြပြီး ကုန်သွယ်စီးပွားလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လေ့လာသုံးသပ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးရန် ရခိုင်ပြည်နယ်သို့ ဧပြီလ ၁၂ ရက်နေ့က သွားရောက်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားရာတွင်–

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသအသီးသီး စီးပွားရေးတောင့်တင်း ခိုင်မာရန်တို့အတွက် ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ် ကြိုးစားပမ်းစား ကြံရည်ဖန်ရည်ရှိရှိ အလုပ်လုပ်ကြရန်လိုကြောင်း၊ အလုပ်လုပ်မှသာ ဖွံ့ဖြိုးတိုးတက်မှုရှိလာမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ရခိုင်ပြည်နယ်တွင် ဒေသဆန်ဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဓိကသီးနှံ(၁၀)မျိုးအပြင် ရော်ဘာ၊ သစ်ဆိမ့်၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ကြက်ဆူပင်တို့ကို စိုက်ပျိုးလျက်ရှိသည်။ မွေးမြူရေးကဏ္ဍတွင် ပုစွန်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်ဆောင်ရွက်နေသည်။

လမ်းပန်းဆက်သွယ် သွားလာမှုလွယ်ကူစေရေးအတွက် ရန်ကုန်–အမ်း–စစ်တွေ ကားလမ်းမကြီးကို ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့သည်။ ထို့အတူ ကျောက်ဖြူ–ရန်ကုန် ကားလမ်းမကြီးကိုလည်း ဒီရေတော၊ ဗြုံးတောများကို ဖြတ်သန်း၍ ခက်ခက်ခဲခဲ ဖောက်လုပ်လျက်ရှိရာ ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီးကဲ့သို့ လမ်းမသစ်တစ်ခု ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ထို့ပြင် ရသေ့တောင်–ပုဏ္ဏားကျွန်းလမ်း၊ ပေါက်တော–မင်းပြားလမ်း၊ မြေပုံ–မင်းပြားလမ်းနှင့် မာန်အောင်မြို့ကျွန်းပတ်လမ်းတို့ကိုလည်း ဖောက်လုပ်သွားမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများ ရရှိလာသည်နှင့်အမျှ နယ်မြေဒေသအသီးသီး၏ စီးပွားရေး၊ လူမှုရေး အပါအဝင် လူနေမှုဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အပိုင်းက ဖန်တီးဖော်ဆောင်ပေးထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေအနေကောင်းများကို တန်ဖိုးရှိရှိ၊ ထိုက်ထိုက်တန်တန် အသုံးချ၍ မိမိပြည်နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီး ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အောင်စကြာမုနိသိမ်၌ ကိန်းဝပ်စံပယ်တော်မူသည့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်း၊ စာမျက်နှာ–၃)
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများ၏ လှူဒါန်းငွေများကို လောကာနန္ဒာစေတီတော် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်း၊ စာမျက်နှာ–၃) (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် သင်္ကြန်အကြတ်နေ့စည်ကား

ရန်ကုန် ဧပြီ ၁၅

၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင် မဏ္ဍပ်(သင်္ကြန်အကြတ်နေ့) ယှဉ်ပြိုင်ဖျော်ဖြေမှု အစီအစဉ်များကို ယနေ့နံနက် ၉နာရီမှ စတင်လျက် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ကော်မတီဝင်များ၊ ပြည်သူများက ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

စစ်တွေမြို့ လောကာနန္ဒာစေတီတော်အား ဖူးမြော်ကြည်ညို

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ စစ်တွေမြို့ လောကာနန္ဒာစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဧပြီ ၁၃ ရက် ညပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ည ၈ နာရီတွင် လောကာနန္ဒာစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဂန္ဓကုဋိတိုက်အတွင်းရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့သည် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများ၏ လှူဒါန်းငွေများကို စေတီတော် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အောင်စကြာမုနိသိမ်၌ ကိန်းဝပ်စံပယ်တော်မူသည့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လောကာနန္ဒာစေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အောင်စကြာမုနိသိမ်၌ ကိန်းဝပ်စံပယ်တော်မူသည့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

စွယ်တော်မြတ်စေတီတော်(ရန်ကုန်)တွင် အဋ္ဌမအကြိမ် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်သော ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ အဋ္ဌမအကြိမ်ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ညနေ ၄နာရီတွင် အဆိုပါစေတီ ဂန္ဓကုဋိတိုက်၌ သီလဆောက်တည်ခြင်း၊ ဆရာတော်ကြီးများက ပရိတ်တရားတော်များချီးမြှင့်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်းနှင့် ရေစက်ချအမျှပေးဝေခြင်းတို့ကို ပြုလုပ်ပြီး ညနေ ၄နာရီခွဲတွင် သာသနာ့အလံကိုင်အဖွဲ့၊ ဆိုင်းဘုတ်ကိုင်အဖွဲ့တို့က ဦးဆောင်၍ အိုးစည်၊ ဒိုးပတ်အဖွဲ့များဖြင့် ဘာသာရေးအသင်းအဖွဲ့များက စွယ်တော်မြတ်စေတီတော်ကြီးအား လက်ယာရစ်ပူဇော်ကာ မင်္ဂလာကန်တော်သို့ သွားရောက်၍ ဇီဝိတဒါန ငါးလွှတ်ကြမည်ဖြစ်သည်။

အဆိုပါ နေ့တွင် ဇီဝိတဒါနငါးလွှတ်လိုသော ရဟန်းရှင်လူပြည်သူများသည် စွယ်တော်မြတ်စေတီတော် ပရဝုဏ်၌ သက်သာသောဈေးနှုန်းဖြင့် ငါးများကို ဝယ်ယူပြီးဇီဝိတဒါန ငါးလွှတ်နိုင်သည်။ (သတင်းစဉ်)

ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးကဲ့သို့ပင် ရန်ကုန်-ကျောက်ဖြူ ပြည်ထောင်စုလမ်းမသစ်ကြီး ပေါ်ထွက်လာတော့မည်

ရခိုင်ပြည်နယ်အတွက် မြစ်ကူး၊ ချောင်းကူး တံတားကြီးများကို ဘဏ္ဍာငွေမြောက်မြားစွာ အကုန်အကျခံ၍ ရင်းနှီးတည်ဆောက်ပေးခဲ့

✪ ကျောဖုံးမှ

တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ရခိုင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်တွေတပ်နယ် အစည်းအဝေးခန်းမသို့ ရောက်ရှိကြပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်နယ်အတွင်းရှိ မြေအမျိုးအစားနှင့် မြေအသုံးချနိုင်မှုများ၊ သီးနှံစိုက်ဧကများ၊ ၂၀၀၅–၂၀၀၆ ခုနှစ် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှုများ၊ ရော်ဘာ၊ သစ်ဆိမ့်၊ ဆီအုန်းစိုက်ပျိုးမှုများ၊ ရော်ဘာဧက တစ်သိန်းစိုက်ပျိုးသွားမည့် အစီအစဉ်များ၊ အမယ်သစ်သီးနှံ ဧရာတ်ကောင်းစိုက်ပျိုးမှုများ၊ သုံးနှစ်အတွင်း ကြက်ဆူပင်ဧက ငါးသိန်းစိုက်ပျိုးနိုင်ရေး စီစဉ်ထားမှုများ၊ ဒေသဆန်၊ ဆီဖူလုံမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ၊ လျှပ်စစ်မီးရရှိမှုများ၊ ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) အခြေအနေနှင့် လူတစ်ဦးချင်းဝင်ငွေ တိုးတက်လာမှုများကို ရှင်းလင်းတင်ပြပြီး ရသေ့တောင်–ပုဏ္ဏားကျွန်းလမ်း၊ ပေါက်တော–မင်းပြားလမ်း၊ မြေပုံ–မင်းပြားလမ်းနှင့် မာန်အောင်မြို့ ကျွန်းပတ်လမ်း ဖောက်လုပ်သွားမည့်အခြေအနေများ၊စစ်တွေမြို့ရှိတယ်လီဖုန်း ဆက်သွယ်မှုစနစ်ကို အဆင့်မြှင့်တင်ရန်ကိစ္စများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

သုံးသပ်ရှင်းလင်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးနိုင်သည့်မြေများကို အပြည့်အဝအသုံးချ၍ သီးနှံများဖြစ်ထွန်း အောင်မြင်အောင်စိုက်ပျိုးသွားရေး၊ လက်ရှိအခြေအနေထက် သီးနှံစိုက်ဧကများမြှင့်တင်သွားရေး၊ ဆန်စပါးပိုမို ဖူလုံပိုလျှံရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပြည်နယ်အတွင်းစားသုံးဆီဖူလုံရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ အဓိကသီးနှံ ၁၀ မျိုးအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းရေး၊ ပြည်နယ်၏ ရေမြေသယံဇာတ အခြေအနေပေးမှုကို အသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်ပြီး ရခိုင်ပြည်နယ်ကို နိုင်ငံတော်အတွက် စီးပွားရေးအရအားထားရသော ပြည်နယ်ဖြစ်ပေါ်စေရေးတို့ကို သုံးသပ်ရှင်းလင်း ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း သုံးသပ်ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဆွေးနွေးကြရာ ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပြည်နယ်အတွင်း စိုက်ဧက တိုးချဲ့ရေး၊ မြို့နယ်အလိုက် ဒေသဆန် ဖူလုံရေး၊ ရော်ဘာစိုက်ပျိုးရေး၊ ကြက်ဆူမျိုးပင်ရရှိရေး ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိုင်ငံတော်၏ ပို့ကုန်ပမာဏ မြင့်မားတိုးတက်လာသည့် အခြေအနေများ၊ ဧရာတ်ကောင်း၊ ရေထွက်ပစ္စည်း၊ စိုက်ပျိုးရေးထွက်ကုန်၊ သစ်တောထွက်ပစ္စည်း၊ ကြက်သွန်နီ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို ပြည်ပသို့တင်ပို့၍ ပြည်နယ်၏ ဝင်ငွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရခိုင်ပြည်နယ်အတွင်း တယ်လီဖုန်း ဆက်သွယ်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍတို့ တိုးတက်မြင့်မားလာသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပြည်နယ်အတွင်း ပုစွန်မွေးမြူခြင်းလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိနိုင်မှုများ၊ တိရစ္ဆာန်မှ လူကိုကူးစက်တတ်သည့် ရောဂါကာကွယ်တားဆီး ထိန်းချုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပြည်နယ်၏ကျန်းမာရေးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရခိုင်ပြည်နယ်အတွင်း အလားအလာကောင်းများ တွေ့ရှိရသည့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ရခိုင်ပြည်နယ်သို့ မိမိတို့ လာရောက်ခြင်းမှာ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လေ့လာသုံးသပ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ သွားလာမှု လွယ်ကူစေရေးအတွက် ရန်ကုန်–အမ်း–စစ်တွေ ကားလမ်းကြီးကို ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ပြီဖြစ်ရာ ယခုအခါ ယင်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်မှ ပြည်သူများသည် အခြားပြည်နယ်၊ တိုင်းများသို့ မော်တော်ကားများဖြင့် လွယ်လင့်တကူ ကူးသန်းသွားလာနေကြပြီဖြစ်ကြောင်း။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပေါ်ထွက်လာတော့မည်

ထို့အတူ ကျောက်ဖြူ–ရန်ကုန် ကားလမ်းကြီးကိုလည်း ဒီရေတော၊ ဗြုံးတောများကို ဖြတ်သန်း၍ ခက်ခဲစွာ ဖောက်လုပ်လျက်ရှိရာ ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီး ကဲ့သို့ပင် ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမသစ်ကြီး ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း။

ဆက်သွယ်သွားလာမှု ခက်ခဲသော ရခိုင်ပြည်နယ်အတွက် မြစ်ကူး၊ ချောင်းကူး တံတားကြီးများကို ဘဏ္ဍာငွေကြေး မြောက်မြားစွာ အကုန်အကျခံ၍ မိမိတို့ နိုင်ငံတော်အပိုင်းက ရင်းနှီးတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီးအကြား ဆူကြိုနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး နယ်မြေဒေသအားလုံး ညီညီမျှမျှ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေချင်၍ဖြစ်ကြောင်း။

ဖောက်လုပ်ပေးခဲ့

ထို့ကြောင့်လည်း ရခိုင်ပြည်နယ်ကဲ့သို့ပင် တနင်္သာရီတိုင်း၌ ကော့သောင်း – ဘုတ်ပြင်း – တနင်္သာရီ – မြိတ် – ထားဝယ်လမ်းမကြီးကို အခက်အခဲများကြားမှပင် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့အတူ ရေလမ်းခရီးကိုသာ အဓိကအားကိုးအားထားပြုနေရသည့် ဧရာဝတီတိုင်း၌လည်း လိုအပ်သော ကားလမ်းနှင့် တံတားများကို တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ ဧရာဝတီတိုင်းသည် ယခင်ကနှင့်မတူ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူမြန်ဆန်ပြီး အရှိန်အဟုန်ဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း ။

လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများ ရရှိလာသည်နှင့်အမျှ နယ်မြေဒေသအသီးသီး၏ စီးပွားရေး၊ လူမှုရေး အပါအဝင် လူနေမှုဘဝများသည်လည်း အမှန်တကယ် မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း။

အလုပ်လုပ်ပြီးတုံ့ပြန်

ယင်းယုံကြည်ချက်ဖြင့် နိုင်ငံတော်အပိုင်းက ဖန်တီးတည်ဆောက်ပေးထားသော အခြေအနေကောင်းများကို တန်ဖိုးရှိရှိ ၊ ထိုက်ထိုက်တန်တန်အသုံးချ၍ မိမိတို့ပြည်နယ်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် လူတိုင်းလူတိုင်းက ဖိဖိစီးစီး ကြိုးကြိုးစားစား အလုပ်လုပ်သွားကြရန် အရေးကြီးကြောင်း၊ အလုပ်လုပ်မှသာ ကုန်ထုတ်လုပ်မှု တိုးတက်မှာဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်မှသာ စီးပွားရေး တိုးတက်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ မွန်မြတ်သောစေတနာနှင့် ရည်ရွယ်ချက်ကို အလုပ်လုပ်ပြီး တုံ့ပြန်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ နယ်မြေဒေသတိုင်းကို ကြည့်ပါက အားလုံးသည် တိုင်းပြည်အတွက် တန်ဖိုးရှိကြသည့် ဒေသများသာဖြစ်ကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ●

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဘယ်လ်ဂျီယံနိုင်ငံမြောက်ပိုင်း အာဂျာဒေသတွင် ရေလျှံနေသည်ကို ဧပြီ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ပြည်နယ်ရှစ်ခုတွင် ပါးချိတ်ရောင်ရောဂါကူးစက်လျက်ရှိ

ဝါရှင်တန် ဧပြီ ၁၅

အမေရိကန်နိုင်ငံ ပြည်နယ်ရှစ်ခုတွင် ပါးချိတ်ရောင်ရောဂါ ကူးစက်ပြန့်ပွားနေသည်ကို တားဆီးနိုင်ရန်အတွက် ဗဟိုရောဂါ ထိန်းချုပ်ရေးဌာနနှင့် ကျန်းမာရေးဌာနတို့က ရောဂါတိုက်ဖျက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

အိုင်အိုဝါပြည်နယ်တွင် ပြီးခဲ့သော ဒီဇင်ဘာလမှ ယနေ့အချိန်အထိပါးချိတ်ရောင် ရောဂါဖြစ်ပွားသူ ၆၀၀ ကျော်ရှိကြောင်း၊ ယခုအခါ ထိုရောဂါသည် အီလီနွိုက်၊ ကင်းဆပ်၊ မင်နီဆိုတာ၊ မစ်ဇိုရီ၊ နီဘရာစကာ၊ ဝက်စ်ကွန်ဆင် ပြည်နယ်များတွင်ဖြစ်ပွားလျက်ရှိကြောင်း ကျန်းမာရေးဌာနမှ ပြောရေး ဆိုခွင့်ရှိသူကာတစ်အယ်လ်က ပြောကြားသည်။ ၎င်းသည် အနောက်အလယ်ပိုင်းဒေသရှိ ရောဂါ ဖြစ်ပွားလျက်ရှိသော အခြားပြည်နယ်တစ်ခု၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိဟုဆိုသည်။

အိုင်အိုဝါပြည်နယ် ကောလိပ်ဝင်း အတွင်းတွင် ရောဂါဖြစ်ပွားသူအများဆုံးရှိသည်ကို တွေ့ကြရသည်။ ကောလိပ်ဝင်း အတွင်းတွင်ရှိသော နေအိမ်များမှာတစ်အိမ်နှင့်တစ်အိမ်နီးကပ်စွာ တည်ရှိသည့်အတွက် ရောဂါ ပြန့်ပွားရန်လွယ်ကူသောအခြေအနေရှိသည်။

ပါးချိတ်ရောင်ရောဂါသည်လေကြောင်းခရီးစဉ် ပျံသန်းရာမှတစ်ဆင့် ကူးစက်ပြန့်ပွားလာခြင်းဖြစ်သည်ဟုယူဆရသည့်အတွက် အမေရိကန်ပြည်နယ် အနှံ့အပြားတွင် ထိုသို့ပြန့်ပွားလာခြင်းဟုတ်၊မဟုတ် သိရှိနိုင်ရန် ကျန်းမာရေးဌာနက စုံစမ်းလေ့လာမှုများပြုလုပ်လျက်ရှိသည်။ပါးချိတ်ရောင်ရောဂါဖြစ်ပွား သူခရီးသည်များသည် လေကြောင်းခရီးစဉ်များတွင် လိုက်ပါစီးနင်းရာမှ ပြည်နယ်အများအပြားသို့ ရောဂါကူးစက်သွားခြင်း ဖြစ်ကြောင်း ယူဆထားကြသည်။

လက်ရှိအခြေအနေတွင် ဗြိတိန်နိုင်ငံ၌ ပါးချိတ်ရောင်ရောဂါဖြစ်ပွားလျက်ရှိရာ ထိုနိုင်ငံမှတစ်ဆင့် ရောဂါပြန့်ပွားလာခြင်း ဖြစ်နိုင်သည်ဟုဆိုသည်။ သို့ရာတွင် အတိအကျ ပြောကြားရန်မှ ခက်ခဲမည်ဖြစ်ကြောင်း အယ်လ်က ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းတိုက်ခတ်၊ နှစ်ဦးသေဆုံး

ဒါကာ ဧပြီ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကျေးရွာအချို့၌ စနေနေ့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးထက်မနည်းသေဆုံးပြီး လူ ၅၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပျက်စီး

မြို့တော်ဒါကာ၏ အနောက်မြောက်ဘက် မိုင် ၈၀အကွာရှိ ဘဟူပူရ်ဒေသတွင် တစ်နာရီလျှင် မိုင် ၆၀နှုန်းအထိ ပြင်းထန်သည့် မုန်တိုင်းတိုက်ခတ်သဖြင့် အိမ်အလုံး ၅၀၀နီးပါး ပြိုကျသွားပြီး ကောက်ပဲသီးနှံများလည်း ပျက်စီးသွားသည်။ သေဆုံးသူနှစ်ဦးမှာ အိမ်ပြိုကျမှုကြောင့်ဖြစ်ပြီး လွင့်စဉ်လာသည့် အကျိုးအပဲ့များထိမှန်မှုကြောင့် ဒဏ်ရာရရှိသူများလည်းရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီသီယိုးပီးယားနှင့်အစ္စရေး စီးပွားရေးပူးပေါင်းဆောင်ရွက်

အဒစ္စအာဘာဘာ ဧပြီ ၁၄

အီသီယိုးပီးယားနှင့် အစ္စရေးနိုင်ငံတို့သည် ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှာ အောင်မြင်လျက်ရှိကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ပိုမိုမြင့်တက်

အီသီယိုးပီးယားနိုင်ငံက အစ္စရေးနိုင်ငံသို့တင်ပို့သည့် ပို့ကုန်ပမာဏမှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် ပိုမိုမြင့်တက်လာကြောင်း အီသီယိုးပီးယား နိုင်ငံခြားရေးဝန်ကြီးရုံးမှ တာဝန်ရှိသူ ဖေဆယ်လ်မီလက်စ်က သတင်းထောက်များကို ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံထံမှ အစ္စရေးနိုင်ငံက တင်သွင်းသည့်အဓိက ကုန်ပစ္စည်းများမှာ နှမ်း၊ ကော်ဖီ၊ နံ့စားသီးနှံများ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် သားရေထည်ပစ္စည်းများဖြစ်ကြောင်း ဖေဆယ်လ်က ပြောကြားသည်။

အများဆုံး

အစ္စရေးနိုင်ငံသို့တင်ပို့သည် အီသီယိုးပီးယားနိုင်ငံမှ ပို့ကုန်များအနက် နှမ်းမှာ တန်ဖိုး အများဆုံးဖြစ်ပြီး နှမ်းတင်ပို့မှုမှ တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၂ သန်း ရရှိကြောင်း ဖေဆယ်လ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထူးထူးခြားခြား ပြုလုပ်ထားသည့် အမေရိကန်ဒေါ်လာ ၁၄၈ဒေါ်လာတန် အသားညှပ်ပေါင်မုန့်ကို လန်ဒန်မြို့၌ ဧပြီ ၁၃ရက်က ပြသစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆိုက်ပရပ်စ်ကလေးများ အဝလွန်သူများပြား၊ ကျန်းမာရေးအရတိုက်ဖျက်သွားမည်

နီကိုးရှား ဧပြီ ၁၄

ဆိုက်ပရပ်စ်နိုင်ငံ၌ ကလေးများအဝလွန်နေသည့်အခြေအနေကို တိုက်ဖျက်ရန် သုံးလကြာဆောင်ရွက်မည့် စီမံကိန်းတစ်ရပ်ကို စတင်လိုက်ကြောင်း ဒေသဆိုင်ရာ မီဒီယာသတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

အဆိုပါ စီမံကိန်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် စီစဉ်ခဲ့ပြီး ဘဝတစ်သက်တာတွင် ကျန်းမာရေးအသိ မှန်မှန်ကန်ကန် သိမြင်နိုးကြားလာစေရန် ရည်ရွယ်သည်။

အဝလွန်ခြင်းနှင့် ရှိသင့်သည့် ကိုယ်အလေးချိန်ထက် ပိုမိုနေခြင်းသည် နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ အပါအဝင် နာတာရှည်ရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေသည့် အဓိက အကြောင်းခံတရားများဖြစ်ကြောင်း စီမံကိန်းဖွင့်ပွဲတွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ကျန်းမာရေးဝန်ကြီး အင်ဒရေ့စ်ဂေဗရီလီဒီးစ်က ပြောကြားသည်။

နည်းလမ်းမှန်ကန်သည့် စားသောက်မှု အလေ့အကျင့်မှာ အရေးကြီးကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ယခုရက်သတ္တပတ်ကို အာဟာရ ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားကြောင်း ဂေဗရီလီဒီးစ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂရိ၌ ကလေးများသေဆုံးမှု ၅၀ရာခိုင်နှုန်းမှာ ယာဉ်တိုက်မှုကြောင့်ဖြစ်

အေသင် ဧပြီ ၁၄

ဂရိနိုင်ငံ၌ ကလေးများသေဆုံးမှု၏ ၅၀ရာခိုင်နှုန်းမှာ ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပွားရကြောင်း ဂရိနိုင်ငံ မော်တော်ယာဉ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းအသင်း (အီးအယ်လ်ပီအေ)က တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

ပျမ်းမျှအားဖြင့် တစ်နေ့လျှင် အသက် ၁၅ နှစ်အောက် ကလေးနှစ်ဦးမှာ ကားဖြင့် သို့မဟုတ် ခြေကျင်လျှောက်ခြင်းဖြင့် သွားလာစဉ် ယာဉ်မတော်တဆမှုကြောင့် သေဆုံးရကြောင်း အီးအယ်လ်ပီအေက ဖော်ပြသည်။

ကလေးများအား လမ်းအန္တရာယ်ကင်းရှင်းရေး အခြေခံနည်းလမ်းများ သင်ကြားပေးရန်၊ လမ်းများပေါ်တွင် ကလေးများနှင့် အဖော်အဖြစ် လိုက်ပါပေးရန်နှင့် ယာဉ်လမ်းကြော အနီးအနားတွင် ကလေးများ ဆော့ကစားခြင်းမပြုစေရန်အီးအယ်လ်ပီအေက မိဘများနှင့် ဆရာ၊ ဆရာမများကို အကြံပြုထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသည့် နိုင်ငံတကာ မော်တော်ကားပြပွဲ၌ ဂျပန်တိုယိုတာကုမ္ပဏီ၏ ပြခန်းကို ဧပြီ ၁၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိပ်ချ်အိုင်ဗွီကူးစက်ခံရသူ အိန္ဒိယ၌ ၅ ဒသမ ၂ သန်းရှိ

နယူးဒေလီ ဧပြီ ၁၄

အိန္ဒိယနိုင်ငံ၌ ၂၀၀၅ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီပိုးရပ်စ် ကူးစက်မှုမြင့်တက်လာကြောင်း၊ ယခုအခါ အိပ်ချ်အိုင်ဗွီကူးစက်ခံရသူပေါင်း ၅ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ တောင်အာဖရိကနိုင်ငံပြီးလျှင် ရောဂါကူးစက်မှုဒုတိယအများဆုံး ဖြစ်ပွားသည့် နိုင်ငံဖြစ်ကြောင်း ကျန်းမာရေးဌာနမှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမြင့်တက်

တိုကျို ဧပြီ ၁၄

ဂျပန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ၂၀၀၅ ခုနှစ်တွင်လေးသန်းကျော်ရှိကြောင်း၊ ခရီးသည် လာရောက်မှုစံချိန် မြင့်တက်လျက်ရှိကြောင်း ဂျပန်နိုင်ငံအမျိုးသားခရီးသွား လုပ်ငန်းအဖွဲ့က တနင်္လာနေ့တွင် ကြေညာသည်။

မြင့်တက်

ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှု မြင့်တက်လာရခြင်းမှာ တစ်စိတ်တစ်ဒေသအားဖြင့် အိချိပြည်နယ်၌ ၂၀၀၅ ခုနှစ် မတ်လမှ စက်တင်ဘာလအထိ ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်စည်ပြပွဲကြောင့်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းအဖွဲ့က ဖော်ပြသည်။

ရည်မှန်း

ဂျပန်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် ၁၀ သန်း ဝင်ရောက်လာရန် ရည်မှန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြည်ထောင်စုပန်းရနံ့ သင်းပျံ့နေသောသင်္ကြန်

မြင့်စိုး (နတလ)

(၁)

လွန်ခဲ့သော ငါးနှစ်ခန့်က တန်ခူးလေနှင့်အတူ နာဂရိုးရာတေးသီချင်းလေးတစ်ပုဒ်ကို ကျွန်တော်ကြားလိုက်ရသည်။ သီချင်းအမည်လေးက **“ကိုင်းအီလို”**။ ၂၀၀၁ခုနှစ် ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲခဲ့သော စစ်ကိုင်းတိုင်း နန်းယွန်း/ပန်ဆောင်ဒေသမှ နာဂတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့က အထက်ပါ ရိုးရာသီချင်းလေးနှင့် သီဆိုကပြဖျော်ဖြေခဲ့ကြခြင်းဖြစ်သည်။

“ကိုင်းအီလို––ကိုင်းအီလို––ဝေး–သူငယ်ချင်းတို့ရေ၊ တောင်ယာခုတ်သွားကြပါစို့။ **ယောမင်း အီတာဝပ်ရှမ်းကိုင်**––ဓားတွေသွေးလို့ တောင်ယာခုတ်ကြပါစို့” ဟူ၍ အစချီကာ စုပေါင်းတောင်ယာခုတ်ဟန်၊ မီးရှို့ဟန်၊ စိုက်ကြပျိုးကြဟန်၊ ထိုမှ ရိတ်သိမ်းနယ်လှေ့ဟန်၊ ရရှိသော ကောက်ပဲသီးနှံများအား ပျော်ရွှင်စွာ စုပေါင်း သယ်ယူဟန်တို့ကို သရုပ်သကန်ပေါ်လွင်အောင်သီဆိုကပြခဲ့ကြသည်။

ထို့အတူ ပူတာအိုဒေသမှ လီဆူးတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များ၏ **“လီဆူးရိုးရာရှာဖဲတာ”** အကလေးကိုလည်း ယနေ့တိုင်အမှတ်တရရှိနေသည်။ အလွန်ချစ်ခင်ရင်းနှီးသည့် မိတ်ဟောင်း၊ ဆွေဟောင်းများ ပြန်လည်ဆုံတွေ့သည့်အခါ ခေါင်ရည်ကိုခွက်တစ်ခုထဲမှာထည့်ပြီး အတူမော့သောက်ကြသည့်ဟန် သီဆိုကပြခြင်းဖြစ်သည်။ ထိုနှစ်က ဖိတ်ကြားခေါ်ယူခဲ့သော ရခိုင်ပြည်နယ် မောင်တောမြောက်ခြမ်းဒေသမှ မြိုတိုင်းရင်းသူလေးများ၏ **နိန့်ဆာရ်ကျိုးရီပလိုက်** (နှစ်သစ်ကို ကြိုဆိုခြင်းဟု အဓိပ္ပာယ် ရသော) အက၊ ချင်းပြည်နယ် ရိဒ်ခေါဒါရ်နှင့် မင်းတပ်ဒေသမှ ချင်းတိုင်းရင်းသူလေးများ၏ ကောက်ရိတ်သိမ်းပွဲအကနှင့် ဝါးညှပ်အက၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဒေသမှ ကိုးကန့်တိုင်းရင်းသူလေးများ၏ လက်ဖက်ခူးအက၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးဒေသမှ ကရင်တိုင်းရင်းသူလေးများ၏ ကရင်ဒုံးယိမ်းအက၊ ကယားပြည်နယ် ဒီမောဆိုးဒေသမှ ကယန်းတိုင်းရင်းသူလေးများ၏ သာယာလှပ ကယန်းဒေသအက၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပန်ဆန်း/မိုင်းမောဒေသမှ ‘ဝ’ တိုင်းရင်းသူလေးများ၏ စပါးလိပ်ပြာပြန်လာပါအက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပုံပါကျင်ဒေသနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုမိန်းဒေသများမှ ရှမ်းတိုင်းရင်းသူလေးများ၏ ရှမ်းရိုးရာအကများကိုလည်း ကြည့်ရှုအားပေးခဲ့ကြရသည်။

ထိုအဆိုအကများဖြင့် သူတို့၏ ရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသခဲ့ကြသည်။ ပေါင်းစည်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၏ အကျိုးရလဒ်များကို လှစ်ဟခဲ့ကြသည်။ တိုင်းရင်းသားအားလုံး ညီရင်းအစ်ကို မောင်ရင်းနှမပမာ အေးအတူပူအမျှ ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ပေါင်းစည်းနေထိုင်လျက်ရှိကြသည်ကို ဖော်ညွှန်းပြသခဲ့ကြသည်။ သူတို့ နေထိုင်ရာဒေသများ ဖွံ့ဖြိုးတိုးတက်လာသဖြင့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ကြောင်း သီချင်းစပ်ဆိုရေးဖွဲ့ခဲ့ကြသည်။

ထိုနည်းတူစွာ...

သူတို့သည် သင်္ကြန်ပွဲတော်ကြီးနှင့် ပတ်သက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်းကောင်း၊ လေ့လာရေးခရီးစဉ်များမှ တစ်ဆင့် သိမြင်ခံစားခွင့် ရရှိခဲ့ကြသည့် အတွေ့အကြုံကောင်းများကိုလည်းကောင်း ရက်ပေါင်းနှစ်ဆယ်ကျော်၊ တစ်လနီးပါးမျှ သွားအတူ၊ လာအတူ ရင်းနှီးချစ်ကြည်စွာနေထိုင်ခဲ့ကြသည့် တိုင်းရင်းသား သွေးချင်းများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်းကောင်း သူတို့၏ မွေးရပ်မြေ အသီးသီးသို့ ဆောင်ယူသွားခဲ့ကြသည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက် မှုများကို မျက်ဝါးထင်ထင် သိမြင်လေ့လာခွင့်ရခဲ့ကြ၍ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ပါဝင်ထမ်းရွက်ကြမည်ဟူသော အသိတရားများ ခိုဝင်ငြိတွယ်သွားခဲ့ကြသည်။

(၂)

စင်စစ်...သင်္ကြန်ဆိုသည်မှာ အရွယ်သုံးပါးစလုံး၏ ရင်ကိုလှုပ်ခတ်စေသော အရာပင်မဟုတ်ပါလား။ သင်္ကြန်မိုးရေ၊ တန်ခူးလေနှင့် ပိတောက်ပန်းရနံ့၊ မြေသင်းနံ့တို့ကို မခံစားတတ်သူ၊ မခံစားဖူးသူ ဟူ၍ ရှိမည်မထင်ပါ။ ငယ်စဉ်က ဝါးရေပြွတ်ကိုယ်စီဖြင့် ပျော်ခဲ့ကြသည်ကို သတိရသည်။ ပျော်ပျော်ပါးပါး အိုးမဲသုတ်ခဲ့ကြသည်ကိုလည်း အမှတ်ရသည်။ ပိတောက်ပန်းတွေ မမီမကမ်းတက်ခူးပြီး ချစ်ရသူအား ပိုးကြေးပန်းကြေးပေးခဲ့ဖူးသည်ကိုလည်းမမေ့။

ထိုမှ–ထိုမှ သင်္ကြန်ပေါင်းများစွာကို ဖြတ်သန်းလာရင်းက နယ်စပ်ဒေသ မြို့ရွာအတော်များများတွင် သင်္ကြန်ကျခဲ့ဖူးသည်။ တောထဲ တောင်ထဲတာဝန်အရ သွားလာရင်း သင်္ကြန်ရက်များကို ကုန်လွန်စေခဲ့ဖူးသည်။ ထိုစဉ်က အကြောင်းအရာတချို့ကိုအမှတ်တရ ပြန်လည် ရေးဖြစ်သောအခါ ၁၉၉၁ခုနှစ်က ရောက်ခဲ့ဖူးသော ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့ သင်္ကြန်

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

အကြောင်း မပါမဖြစ် ပါလာလေ့ရှိသည်။ ပလောင်ဒေသတွင် ပလောင်ရိုးရာအကများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော သင်္ကြန်။ တစ်နည်းညွှန်းဆိုရလျှင် ဤသင်္ကြန်သည် ငြိမ်းချမ်းရေးသင်္ကြန်၊ တပ်မတော်သားများ၊ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် PSLA တပ်ဖွဲ့ဝင်များ၊ မြို့ခံပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြ၍ ဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် ကျခဲ့သော ဟိုမိန်း သင်္ကြန်သည်လည်း အမှတ်တရ ငြိမ်းချမ်းရေးသင်္ကြန် တစ်ခုပင်။ တပ်မတော်သားများ၊ MTA တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျွန်တော်တို့ နယ်စပ်ဒေသ အဖွဲ့ဝင်များ လေးဦးလေးဖလှယ်

မြူမှောင်ဝေကင်း သီချင်းနှင့် အတာရေသဘင် မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား မြင်ကွင်းကို တွေ့ရစဉ်။

ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပါဝင် ဆင်နွှဲခဲ့ကြသည်။

နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကို ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် နှစ်စဉ် ဖိတ်ကြားလျက်ရှိရာ ယဉ်ကျေးမှုအဖွဲ့ဝင်ဦးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသကဲ့သို့ ဒေသများလည်း ပိုမိုစုံလင်လာခဲ့သည်။ သင်္ကြန်ပွဲတော်ကို ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအတွင်း၌ ပြောင်းရွှေ့ကျင်းပခဲ့သည်။ ထိုအချိန် ထိုအခါမှစ၍ နယ်စပ်သင်္ကြန်သည် ပို၍လှပသွားခဲ့သည်။ ညီညွတ်လိုက်ဖက်သွားခဲ့သည်။

(၃)

သင်္ကြန်ပွဲတော်သို့ ဖိတ်ကြားခေါ်ယူခဲ့သော နယ်စပ်ဒေသယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပတ်သက်၍ အသေးစိတ်မှတ်တမ်းတင်ခဲ့ရာတွင် လေဆိပ်၊ ရန်ကုန်ဘူတာကြီး၊ အဝေးပြေးကားဂိတ်များသို့ ရောက်ရှိလာချိန်မှ အစပြုကာ အကလေ့ကျင့်ခြင်း၊ လေ့လာရေးခရီးထွက်ခြင်း၊ ဌာနအကြီးအကဲများနှင့် တွေ့ဆုံခြင်း၊ သင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲခြင်းမှသည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအထိ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးကြရသည်။ ကိုယ်ရေးအချက်အလက် မှတ်တမ်းစာအုပ်များ ပြုလုပ်ရသည်။ ဓာတ်ပုံအယ်လ်ဘမ်များ ပြုလုပ်ရသည်။ ၎င်းတို့အပြန်ခရီး၌ တစ်ဖွဲ့လျှင် မှတ်တမ်းဗီဒီယိုတိပ်ခွေတစ်ခွေ၊ ကိုယ်ရေးရာဇဝင်တစ်အုပ်၊ ဓာတ်ပုံအယ်လ် ဘမ်တစ်အုပ်၊ နယ်စပ်သင်္ကြန် သီချင်းစာအုပ်တစ်အုပ်တို့ကို တစ်ပါတည်း ထည့်ပေးလိုက်သည်။

၎င်းတို့အတွက် ပြုစုခဲ့သော ကိုယ်ရေးမှတ်တမ်းစာအုပ်ငယ်ကို အကြောင်းပြု၍ နယ်စပ်ဒေသယဉ်ကျေးမှုအဖွဲ့ဝင်များ၏ ပညာရေးအခြေအနေကို စေ့ငုလေ့လာခွင့်ရသည်။ ပညာရည်တိုးတက်မှုအပိုင်း၌ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာသည်ကို တွေ့ရသည်။ ညီညာဖြဖြရှိခဲ့ကြသည်။

၂၀၀၃ ခုနှစ် မှတ်တမ်းများအရ နယ်စပ်ဒေသအသီးသီးမှ ယဉ်ကျေးမှုအဖွဲ့ဝင် ၂၃၀ ဖိတ်ကြား ခေါ်ယူခဲ့ရာ ထိုအထဲတွင် ဘွဲ့ရပြီးသူ ၁၉ ဦး၊ တက္ကသိုလ်တက်ဆဲ ၁၄ ဦး၊ ၁၀ တန်းအောင်ပြီး ၂၂ ဦး၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၉၆ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၄၂ ဦး၊ မူလတန်းကျောင်းသား ကျောင်းသူသုံးဦး၊ မိဘနှင့် အခြား ၃၄ ဦးတို့ ပါဝင်လာခဲ့ကြသည်။ ၁၀ တန်းအောင်ပြီးသူများထဲတွင် နာဂဒေသ (လဟယ်)မှ ဆေးတက္ကသိုလ်တက်ခွင့်ရ ကျောင်းသူတစ်ဦး ပါဝင်သည်။ အလားတူ ၂၀၀၄ ခုနှစ်၌ ပအိုဝ်းဒေသ (ကျောက်တစ်လုံး)မှ ဖိတ် ကြားခဲ့သော ယဉ်ကျေးမှုအဖွဲ့ဝင်များ အားလုံးနီးပါးမျှ တောင်ကြီးတက္ကသိုလ်၌ တက်ရောက်ဆဲ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများဖြစ်နေကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်နှင့်တိုင်း နေရာဒေသအနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးစုံစွာ အတူတကွ ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိကြသည်။ တစ်နည်းဆိုရသော် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စုငယ်လေးများသဖွယ်ဖြစ်တည်နေခြင်းပင်။ သို့မို့ကြောင့်လည်း သင်္ကြန်ပွဲတော်ကို အကြောင်းပြု၍ ကယားပြည်နယ် မော်ချီးဒေသက ကရင်နှင့် ကရင်ပြည်နယ် လှိုင်းဘွဲဒေသက ကရင်တို့ဆုံကြသည်။ ကချင်ပြည်နယ် မိုးညှင်း/အင်းတော်ကြီးဒေသက ရှမ်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းဒေသက ရှမ်းတို့ဆုံကြသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပုံပါကျင်ဒေသက ရှမ်းနှင့် ကရင်ပြည်နယ် မြဝတီဒေသက ရှမ်းတို့ဆုံကြသည်။ မွန်ပြည်နယ် ရေးချောင်းဖျားဒေသက မွန်နှင့် တနင်္သာရီတိုင်း ချောင်ချိဒေသက မွန်တို့လည်း ဆုံတွေ့ခွင့်ရခဲ့ကြသည်။

ကချင်လည်းကချင်၊ ကယားလည်းကယား၊ ကရင် လည်း ကရင်မို့ နေရာတိုင်းတွင် ရှိနေကြသည်။ ဥမကွဲ သိုက်မပျက် ရင်းနှီးချစ်ကြည်စွာ လက်တွဲနေထိုင်လျက်ရှိကြသည်။ စည်းလုံးညီညွတ်ခြင်း၏ ပြယုဂ်တစ်ခုပင် မဟုတ်ပါလား။ နှစ်စဉ် ဧပြီလရောက်တိုင်း ပြည်ထောင်စုငယ်လေးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်မြဲဖြစ်သည်။

(၄)

သင်္ကြန်ပွဲတော်ကြီးပြီးသွားလျှင်–

သင်္ကြန်နှင့်အတူ တန်ခူးလေသည် နှုတ်ဆက်ထွက်ခွာသွားတတ်စမြဲ။ ပိတောက်ပန်းရနံ့အားလုံးသူနှင့်အတူသိမ်းကျုံးယူငင်သွားတတ်စမြဲ။ ပိတောက်ပွင့်ခက်တို့ တဖြည်းဖြည်း ကြွေပျက်နွမ်းခြောက်သွားတတ်စမြဲ။ တင်ကျန်ရစ်သော ရေစက်ရေပေါက်များသည်လည်း ခြောက်သွေ့လွင့်ပျံသွားတတ်စမြဲ။

သို့သော်...ချန်ထားရစ်ခဲ့သော အရာတစ်ခုရှိသည်။ ၎င်းမှာ **ပြည်ထောင်စု စိတ်ဓာတ်ပန်းရနံ့**ပင်။ ထိုပန်းရနံ့သည် နာဂတောင်တန်းကြီးများပေါ်သို့လည်းရောက်သည်။ ရှမ်း တောင်တန်းကြီးများအပါး၌လည်း နားခိုသည်။ ရခိုင်ရိုးမအပေါ်တွင်လည်း မွှေ့ပျော်သည်။ ထိုထိုသော ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့များ သင်းပျံ့မွှန်းထုံနေသရွေ့ နယ်စပ်သင်္ကြန်သည် အေးအေးမြမြ လှပနေမည်သာ။ တမ်းတမ်းတတ ရှိနေကြမည်သာ။ ။

မိမိတို့နိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်သည် အလေ့ကျလွယ်လင့်တကူ ပေါက်ရောက်သည့်အပင်မျိုးဖြစ် ကျေးလက်ဒေသသုံး စက်ယန္တရားအားလုံးအတွက် သုံးနိုင်သော ဒီဇယ်ဆီကို ထုတ်ယူရရှိနိုင်သည့် အခွင့်အလမ်းရနေပြီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

● **စာမျက်နှာ ၄ မှ**

နယ်မြေဒေသအသီးသီး၏ အနေအထားအရ စီးပွားဖြစ်ထွန်းရန် အလားအလာကောင်းများ ကိုယ်စီရှိကြကြောင်း၊ ဥပမာ–ရခိုင်ပြည်နယ်ဆိုလျှင် မြစ်ဝကျွန်းပေါ် ဒေသမျိုးဖြစ်ပြီး စိုက်ပျိုးမှုလုပ်ငန်း ဖြစ်ထွန်းအောင်မြင်သည့် ဒေသဖြစ်ကြောင်း၊ ထို့အတူ ဇီဝဒီဇယ်ဆီ ထုတ်ယူရရှိနိုင်သည့် ခြစည်းရိုးကြက်ဆူပင်လည်း ပေါက်ရောက်ကြောင်း၊ မိမိတို့နိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်သည် အလေ့ကျ လွယ်လင့်တကူ ပေါက်ရောက်သည့် အပင်မျိုးဖြစ်သည့်အပြင် မိမိတို့နိုင်ငံ၏ ဒေသတိုင်း၌ စနစ်တကျ တိုးချဲ့စိုက်ပျိုး၍ရနိုင်သည့် အခြေခံကောင်းရှိပြီးဖြစ်ရာ ကျေးလက်ဒေသသုံး စက်ယန္တရားအားလုံးအတွက် အသုံးပြုနိုင်သော ဒီဇယ်ဆီကို ထုတ်ယူရရှိနိုင်သည့် အခွင့်အလမ်းရရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် စက်မှုကုန်ကြမ်းဖြစ်သည့် ရော်ဘာပင်ကိုလည်း နိုင်ငံတော်၏ ဒေသအချို့မှအပ ဒေသအားလုံးလိုလို၌ တိုးချဲ့စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် နိုင်ငံခြားဝင်ငွေရရှိသည့် ရော်ဘာပင်ကို တိုးချဲ့စိုက်ပျိုးနိုင်သော အခွင့်အလမ်းလည်း ရှိနေကြောင်း။

မိမိတို့နိုင်ငံ၊ မိမိတို့နယ်မြေဒေသများ၏ ရေမြေသဘာဝသယံဇာတ အခြေအနေများသည် ကြီးပွားချမ်းသာနိုင်သည့် အခြေအနေကောင်းများအဖြစ် ရှားရှားပါးပါး တည်ရှိနေခြင်းဖြစ်၍ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသအသီးသီး စီးပွားရေးတောင့်တင်းခိုင်မာရန်တို့အတွက် ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ် ကြိုးစားပမ်းစား ကြံရည်ဖန်ရည်ရှိရှိ အလုပ်လုပ်ကြရန်လို။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ပဏာမရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှာဖြစ်

ခြုံလိုက်ပါက မိမိတို့နိုင်ငံ၊ မိမိတို့နယ်မြေဒေသများ၏ ရေမြေသဘာဝသယံဇာတ အခြေအနေများသည် ကြီးပွားချမ်းသာနိုင်သည့် အခြေအနေကောင်းများအဖြစ် ရှားရှားပါးပါး တည်ရှိနေခြင်းဖြစ်၍ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသအသီးသီး စီးပွားရေးတောင့်တင်းခိုင်မာရန်တို့အတွက် ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ် ကြိုးစားပမ်းစား ကြံရည်ဖန်ရည်ရှိရှိ အလုပ်လုပ်ကြရန် လိုကြောင်း၊ အလုပ်လုပ်မှသာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံသည်။

ပဏာမရှင်းလင်းပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရခိုင်ပြည်နယ်သို့ ဗိုလ်ချုပ်မှူးကြီး ခေါင်းဆောင်သည့် အဖွဲ့ရောက်ရှိလာသည့် ရည်ရွယ်ချက်များ၊ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့်တပ်မတော်ဖြစ်အောင် တည်ဆောက်နေမှုများကို ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်တည်ဆောက်ရေး၊ တပ်မတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်တွင်း/တပ်ပြင် စည်းရုံးရေးလုပ်ငန်းများ၏ အရေးကြီးပုံ၊ တပ်မတော်၏အား၊ ပြည်သူတို့၏အား တောင့်တင်းခိုင်မာရန် လိုအပ်ပုံတို့ကို မှာကြားပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် စစ်တွေမြို့ရှိ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ မော်တော်ယာဉ်များဖြင့် မော
မောင်တောကဲ့သို့ နယ်စပ်ဒေသ၌ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းဒေ

- မောင်တောဒေသသည် အတိုင်းအတာတ
- ယင်းသို့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်နိ
  မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ အဆင့်မြှ
- အုပ်ချုပ်ရေးသည် ဒေသတစ်ခု၏ စီးပွားရေ
  ပြုနေသော ယန္တရားဖြစ်၊
- ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှ
  မိမိတို့၏ နယ်မြေဒေသကို နိုင်ငံရေးအရ၊
  အောင် ဖိဖိစီးစီး ကြိုးကြိုးစားစား အလုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မောင်တောမြို့ မြို့မ ပရိယတ္တိစာသင်တိုက်ရှိ မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ဧပြီ ၁၃ရက် နံနက် ၈နာရီတွင် ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့မှ မောင်တောမြို့သို့ ရောက်ရှိသည်။

မောင်တောမြို့ဖွံ့ဖြိုးမှုကြည့်ရှု

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မောင်တောမြို့ ဖွံ့ဖြိုးတိုးတက်လာမှုကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မောင်တောမြို့နယ်၊ ဘူးသီးတောင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်က မောင်တောခရိုင်အတွင်း မိုးရွာသွန်းမှု၊ ခရိုင်၏ မြေယာအသုံးချနိုင်မှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် ဒေသဆန်ဖူလုံမှု၊ နှစ်ရှည်ပင် ရော်ဘာနှင့် သစ်ဆိမ့်စိုက်ပျိုးမှု၊ အမယ်သစ်သီးနှံ ငရုတ်ကောင်း စိုက်ပျိုးမှု၊ ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားရန် စီစဉ်ထားမှုများ၊ ကြက်သွန်နီ စိုက်ပျိုးမှုနှင့် အထွက်နှုန်းများ၊ ကျွဲ၊နွား၊ သိုး၊ဆိတ်၊ ဝက်၊ကြက်၊ဘဲ မွေးမြူနိုင်မှုများ၊ ရေငန်ပုစွန်တိုးတက်မွေးမြူနိုင်မှုများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ ခရိုင်၏အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများ၊ လူတစ်ဦးချင်း ဝင်ငွေအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဦးဆောင်အားပေးလမ်းညွှန်မှုအောက်မှနေ၍ ဒေသအသီးသီးသည် မိမိဒေသ မိမိနယ်မြေဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ဒေသအားလုံးသည်လည်း တစ်ပြိုင်တည်း မျှမျှတတ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြကြောင်း၊ နယ်စပ်ဒေသဖြစ်သည့် မောင်တောဒေသသည်လည်း အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်ခြင်း ရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော် အကြီးအကဲခေါင်းဆောင်ပြီး မိမိတို့ ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တွေ့ရှိချက်များအရရော တင်ပြချက်များအရပါ မောင်တောဒေသသည် သူ့အတိုင်းအတာနှင့်သူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ဟု သုံးသပ်ရရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မောင်တောမြို့နယ်၊ ဘူးသီးတောင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အနေဖြင့် ဒေသဆန်ဖူလုံမှု ၁၄၉ ရာခိုင်နှုန်းကျော် ရှိသော်လည်း မောင်တောမြို့နယ်အနေဖြင့် ဒေသဆန် ဖူလုံမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိဒေသအတွင်း မြို့နယ်အလိုက် ဒေသဆန် ဖူလုံမှုရှိလာအောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

နယ်နိမိတ်ထိစပ်

ဤဒေသသည် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ဤဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် တာဝန်သိမှု၊ သစ္စာရှိမှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှုတို့ဖြင့် ပေါင်းစပ်၍ မိမိတို့၏ လုပ်ငန်းတာဝန်တို့ကို ပိုမိုအလေးထား ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မိမိဒေသ၏ စီးပွားရေးအင်အား၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဝါးခုတ်ချောင်းတပ်နယ် သောင်းလုံးအောင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ကူးသန်းရောင်းဝယ်ရေး အင်အားတို့ကို ခိုင်ခိုင်မာမာ ထူထောင်ထားရန်လိုကြောင်း။

လက်တွဲညီညီပူးပေါင်း

ထို့ကြောင့် ဤဒေသအပါအဝင် နိုင်ငံတော်တစ်ရပ်လုံး အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ပူးပေါင်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

လမ်းညွှန်မှာကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ယနေ့ မိမိတို့ မောင်တောဒေသသို့ရောက်ရှိလာသည့်အခါ မောင်တောဒေသသည် အတိုင်းအတာတစ်ရပ်အထိ ဖွံ့ဖြိုးစည်ပင်နေသည်ကို တွေ့ရှိရကြောင်း၊ ယင်းသို့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်နိုင်ရေးအတွက် အုပ်ချုပ်ရေးအရ မောင်တောဒေသကို မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ အဆင့်မြှင့်တင်ပေးခဲ့ပြီဖြစ်ကြောင်း။

အုပ်ချုပ်ရေးသည် ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေးအတွက် အဓိကလည်ပတ်အထောက်အကူပြုနေသော ယန္တရားဖြစ်ကြောင်း။

ခရိုင်အဆင့်တိုးမြှင့်

တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် နီးနီးစပ်စပ် ဆက်စပ်နေသည့်ဒေသဖြစ်၍ အုပ်ချုပ်ရေးအရ တောင့်တင်းခိုင်မာအောင်၊ တစ်ဖက်နိုင်ငံနှင့် တန်းတူရည်တူ ဆက်ဆံနိုင်အောင်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီး ဆုံးဖြတ်လုပ်ကိုင်နိုင်အောင် ခရိုင်အဆင့်အဖြစ် အခွင့်အာဏာကို ပိုမိုတိုးမြှင့်အပ်နှင်းထားခြင်းလည်း ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံများအနေဖြင့် လျော့တိလျော့ရဲမနေထိုင်ဘဲ မိမိတို့၏နယ်မြေဒေသကို နိုင်ငံရေးအရ၊ စီးပွားရေး အရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေအော
အလုပ်လုပ်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးက
မိမိ ဒေသအတွင်းရှိ ကျေးလက်ဒေသများပါ တ
ထိထိ ရောက်ရောက် ကွင်းဆင်းဆောင်ရွက်ကြ

ဖွံ့ဖြိုးအောင်ကြိုးစား

မောင်တောဒေသအပါအဝင် အိမ်နီးချင်းနိုင်ငံ
နေပြီး အပြန်အလှန် ကူးလူးဆက်ဆံနေသော မူဆ
တမူး စသည့် နယ်စပ်ဒေသများအနက် မောင်တော
ဒေသများနှင့်အတူ ယှဉ်တွဲ၍ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိ
ဖြစ်ကြောင်း။

ယင်းသို့ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အ
သောအုပ်ချုပ်ရေးအခြေခံနှင့် လမ်းပန်းဆက်သွယ
ကောင်းမွန်အောင် စီမံဆောင်ရွက်ပေးနေသည့်အ
စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစ
လုပ်ငန်းများကို အချိတ်အဆက်ရှိရှိ လုပ်ကိုင်ဆော

...မော်တော်ယာဉ်များဖြင့် မောင်တောမြို့ ဖွံ့ဖြိုးတိုးတက်မှု လှည့်လည်ကြည့်ရှု
...သည့် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ စနစ်တကျအလုပ်လုပ်ရန် မှာကြား

...တာဒေသသည် အတိုင်းအတာတစ်ရပ်အထိ ဖွံ့ဖြိုးစည်ပင်နေ၊
... ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်နိုင်ရေးအတွက် အုပ်ချုပ်ရေးအရ မောင်တောဒေသကို
...အဆင့်မှ ခရိုင်အဆင့်သို့ အဆင့်မြှင့်တင်ပေးခဲ့ပြီဖြစ်၊
...ရေးသည် ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေးအတွက် အဓိက လည်ပတ်အထောက်အကူ
...သာ ယန္တရားဖြစ်၊
...ာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံများအနေဖြင့် လျော့တိလျော့ရဲ မနေထိုင်ဘဲ
... နယ်မြေဒေသကို နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက် ခိုင်မာနေ
...ဖိဖိစီးစီး ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်လို။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မောင်တောမြို့–မြို့မ ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကေတုထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

...ဥက္ကဋ္ဌ၊ ...ာခရိုင် ...န်းမဥ္ဓ ...းအား ...င်းစဉ်)

...င်ထားရန် ...ဟုန်မပျက် ...ရေးမှုဝါဒ ...ပေါင်း၍ ...က်ရောက် ...ားသည်။

...င်စီဥက္ကဋ္ဌ၊ ...န်မှာကြား ...ာင်တော ... တွေ့ရှိရ ...်ချုပ်ရေး ...မြှင့်တင် ...် အဓိက ...သဖြစ်၍ ...ကူရည်တူ ...လုပ်ကိုင် ...ထားခြင်း ...အနေဖြင့် ...းပွားရေး

အရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေအောင် ဖိဖိစီးစီး ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာ၌လည်း မိမိ ဒေသအတွင်းရှိ ကျေးလက်ဒေသများပါ တစ်ပါတည်းဖွံ့ဖြိုးလာအောင် ထိထိ ရောက်ရောက် ကွင်းဆင်းဆောင်ရွက်ကြရန်လိုကြောင်း။

ဖွံ့ဖြိုးအောင်ကြိုးစား

မောင်တောဒေသအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ် ဆက်စပ်နေပြီး အပြန်အလှန် ကူးလူးဆက်ဆံနေသော မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူး စသည့် နယ်စပ်ဒေသများအနက် မောင်တောဒေသသည် အခြားနယ်စပ်ဒေသများနှင့်အတူ ယှဉ်တွဲ၍ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးနေအောင် ကြိုးစားကြရမှာ ဖြစ်ကြောင်း။

ယင်းသို့ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အလုပ်လုပ်နိုင်အောင် လိုအပ်သောအုပ်ချုပ်ရေးအခြေခံနှင့် လမ်းပန်းဆက်သွယ်မှု အခြေခံတို့ကို တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ပေးနေသည့်အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်၍ ဖွံ့ဖြိုးရေး လုပ်ငန်းများကို အချိတ်အဆက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူးသီးတောင်တပ်နယ် ဗန္ဓုလခန်းမ၌ ဘူးသီးတောင်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြိုးစားအလုပ်လုပ်

ထို့ကြောင့် နိုင်ငံတော်၏ စီမံပေးမှုများနှင့် ဖန်တီးပေးထားသော အခြေခံများကို ထိထိရောက်ရောက်အသုံးချ၍ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားအလုပ်လုပ်ကြရန် အရေးကြီးကြောင်း။

အလုပ်လုပ်ရာ၌လည်း အထူးသဖြင့် မောင်တောကဲ့သို့ နယ်စပ်ဒေသ၌ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ စနစ်တကျ အလုပ်လုပ်သွားကြရန်လိုကြောင်း မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် တွေ့ဆုံအပြီးတွင် မောင်တောမြို့ မြို့မ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြရာ မြို့မ ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုက မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ်သမိုင်းအကျဉ်းကို ရှင်းလင်းမြွက်ကြားသည်။

ထို့နောက် မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆရာတော် ဘဒ္ဒန္တကေတုနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဘူးသီးတောင်သို့ရောက်ရှိ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး ဘူးသီးတောင်မြို့ ဖွံ့ဖြိုးတိုးတက်လာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဘူးသီးတောင်တပ်နယ် ဗန္ဓုလခန်းမ၌ ဘူးသီးတောင်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်၏ ဒေသအသီးသီး ဘက်စုံထောင့်စုံက မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာနေမှုများ၊ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် တပ်မတော်က ထက်ထက်မြက်မြက် ပူးပေါင်းပါဝင် အကောင်အထည်ဖော်နေမှု၊ တပ်တွင်း၊ တပ်ပြင် စည်းရုံးမှုတို့ကို လက်တွေ့ကျကျ

တပ်နယ်မိသားစုနှင့်တွေ့ဆုံ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဝါးခုတ်ချောင်းတပ်နယ်သို့ရောက်ရှိပြီး တပ်နယ်၏ သောင်းလုံးအောင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက တပ်တည်ဆောက်ရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်ပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရှင်းလင်းပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

❀ စာမျက်နှာ ၉ မှ

အောင်မြင်အောင် ဆောင်ရွက်ရန်အရေးကြီးပုံ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သည့် ပြည်တွင်းပြည်ပ မြေအောက်အဖွဲ့အစည်းများက ညှိနှိုင်းချိတ်ဆက်ပြီး အမျိုးမျိုး ဟန့်တားနှောင့်ယှက် ဖျက်ဆီးနေမှုများကို ပြုလုပ်လျက်ရှိနေပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး မှာကြားနှုတ်ဆက်သည်။

ရသေ့တောင်သို့ရောက်ရှိ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ယင်းနောက် ဒေသခံတပ်ရင်းခန်းမသို့ သွားရောက်၍ ရသေ့တောင်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊စစ်သည်များနှင့် မိသားစုများအားတွေ့ဆုံရာ ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တပ်မတော်သားများအနေဖြင့် စစ်သည်တော်ကျင့်ဝတ်များကို တိတိကျကျ လိုက်နာစောင့်ထိန်းသွားရေး၊ ပြည်သူများနှင့်အတူ တစ်သားတည်း ကျင့်ကြံနေထိုင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ အရေးအရာများနှင့် တပ်မတော်ဆက်စပ်လျက်ရှိသည့်အခြေအနေများ၊ စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်အောင် တည်ဆောက်သွားရန် လိုအပ်ပုံများကို ရှင်းလင်းမှာကြားပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား နှုတ်ဆက်၍ ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဝါးခုတ်ချောင်းတပ်နယ်၏ သောင်းလုံးအောင်ခန်းမ၌ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရသေ့တောင်မြို့ ဒေသခံ တပ်ရင်းခန်းမ၌ ရသေ့တောင်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရသေ့တောင်မြို့ ဒေသခံတပ်ရင်းခန်းမ၌ ရသေ့တောင် တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၄–၂၀၀၆ (တနင်္ဂနွေနေ့) (သင်္ကြန်အတက်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပုသ်တသန့် ပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတွက်စားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ သင်္ကြန်အဆိုအကများ
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ ဆယ်စုနှစ်ကာ သင်္ကြန်(ဝင်းဦး)
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ သင်္ကြန်အဆိုအကများ
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ ချစ်စရာအတာသင်္ကြန်
- ၁၂:၀၅ ၅။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
- ၁၂:၂၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း "သင်္ကြန်ရွာလေး ပျော်ပါစေ" (ဝေဠုကျော်၊ကြည်လဲ့လဲ့ဦး၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ– ဗိုးကျော်– သန်လျင်)
- ၂:၁၅ ၇။ သင်္ကြန် အဆိုအကများ
- ၂:၂၀ ၈။ "မြင်းကွယ်ရာ" (မောင်မောင်မျိုးသန့်၊မတူး၊ မောင်မောင်မြင့်) (ဒါရိုက်တာ–စိုးဟိန်း– မန်းတက္ကသိုလ်)
- ၂:၄၅ ၉။ International News.
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေးစစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၀၀ ၅။ သင်္ကြန်အဆိုအကများ
- ၅:၁၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၁၅ ၉။ Discovery
- ၆:၅၀ ၁၀။ သင်္ကြန်အဆိုအကများ
- ၇:၀၅ ၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၇:၁၅ ၁၂။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း–၄)
- ၇:၂၅ ၁၃။ သင်္ကြန်အဆိုအကများ
- ၇:၅၀ ၁၄။ ထုထည်ကြီးမား ထင်ရှားကေန်မွေရဲ
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာရုပ်ရှင် "မဖုန်းလေးရဲ့ဂေဟ"(အပိုင်း–၂) (ရန်အောင်၊ ဌေး၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ–စင်ရော်မောင်မောင်)
- ၁၉။ နောက်တစ်နေ့ အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပေးနေ
တစ်ခရိုင်နှင့်တစ်ခရိုင် ကုန်စည်စီးဆင်းမှု မှန်ကန်လာပါက စီးပွားရေးတိုးတက်လာမည်
ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်း–ရွှေဘို–ကသာ ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ထားမှု စစ်ဆေး

ရန်ကုန် ဧပြီ ၁၅

မန္တလေးတိုင်း သပိတ်ကျင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် တကောင်းမြို့သို့ရောက်ရှိပြီး တကောင်းမြို့ဈေး၌ ဈေးရောင်း၊ ဈေးဝယ်နေကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဈေးရောင်းဝယ်မှု အခြေအနေများကို မေးမြန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တကောင်း ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် မြစ်တစ်ဖက်ကမ်းရှိ ရွှေတန့်ကြည်မြစ်ဆိပ်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ကသာခရိုင်နှင့် ထီးချိုင့်၊ တကောင်းမြို့တို့မှ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှတ်(၃) ခရိုင်ချင်းဆက်လမ်း၏ စစ်ကိုင်း–ရွှေဘို–ကသာ ခရိုင်ချင်းဆက်လမ်းအပိုင်း ဖောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တကောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက တကောင်းမြို့၏ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့ပေါ်သာမက ကျေးလက်ဒေသများအထိ ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေတန့်ကြည် မြစ်ဆိပ်မှ ကသာ–ရွှေဘို–စစ်ကိုင်း ခရိုင်ချင်းဆက်လမ်း လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ အဆိုပါလမ်း မိုင်တိုင် (၃၆)မိုင်နှင့် (၃၇)မိုင်ကြား၌ စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း၊ ပုတီးကုန်းအနောက်ဖက်ကမ်း မိုင်တိုင် (၄၂)မိုင်တွင် စက်ယန္တရားဖြင့် မြေညှိနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခရမ်းစပ်ကုန်း မိုင်တိုင် (၄၄/၄)မိုင် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ရွှေဘိုခရိုင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းထိန်းသိမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မိမိတို့ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်ရန်လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ကုန်စည်စီးဆင်းမှု မြန်ဆန်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာပြည်သူများအနေဖြင့် လမ်းများမပျက်စီးစေရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်နှင့် ကြက်ဆူပင် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ကျောင်းသုံး ဗလာစာအုပ်၊ ဂျာနယ်များနှင့် အားကစားပစ္စည်းများကို လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေဘိုခရိုင်ဘက်မှ မိုင်တိုင် (၆၂/၂) မိုင်သို့ ရောက်ရှိပြီး စက်ယန္တရားမောင်း ဝန်ထမ်းများအား ဂုဏ်ပြုငွေ ချီးမြှင့်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာခရိုင် ထန်းတောကျေးရွာအနီး မိုင်တိုင် (၄၃/၁)မိုင်သို့ ရောက်ရှိပြီး ထန်းတောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတအား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ထန်းတောကျေးရွာ ပြည်သူများအား တွေ့ဆုံရာ ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ခရိုင်ချင်းဆက်လမ်းကြောင်းအရ ထန်းတောကျေးရွာ တည်ရှိပုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကျေးရွာပြည်သူများအား လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ယခုကဲ့သို့ ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်ခြင်းဖြစ်ကြောင်း၊ ဤဒေသတွင် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်သကဲ့သို့ အခြားပြည်နယ်နှင့် တိုင်း ဒေသအသီးသီးတို့၌လည်း ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်ပေးခဲ့ကြောင်း၊ ခရိုင်းချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်းသည် တစ်ခရိုင်နှင့်တစ်ခရိုင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်လာပါက စီးပွားရေးတိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာ ပြည်သူများဘက်ကလည်း ဝိုင်းဝန်း၍ ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအတွက် ဗလာစာအုပ်၊ ဂျာနယ်နှင့် အားကစားပစ္စည်းများကို လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အဆိုပါ ခရိုင်ချင်းဆက် လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ဝဇီကြီး ကျေးရွာထိပ်မှ ကျေးရွာပြည်သူများက နှုတ်ဆက် ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာ–ရွှေဘို–စစ်ကိုင်း ခရိုင်ချင်းဆက် လမ်း၌ ရွှေဘိုခရိုင်လမ်းပိုင်းမှ ဧရာဝတီမြစ် တစ်ဖက်ကမ်း သပိတ်ကျင်းမြို့ကို လမ်းကြောင်းဆက်ရန် ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အညာသီဟတော ဘုရားလမ်းကို ဖြတ်၍ သင်ပေါင်းတံတားသို့ ရောက်ရှိပြီး သင်ပေါင်းတံတားအနီး လမ်းဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက် လမ်းဘေးရှိ သင်ပေါင်း ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်းသုံး ဗလာစာအုပ်နှင့် ဂျာနယ်၊ အားကစားပစ္စည်းများကို ကျေးရွာမှ တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား–ရွှေဘို–စစ်ကိုင်း လမ်းဘေးရှိ ရွှေဘိုခရိုင် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ပြည်ရွှေဘိုရိပ်သာသို့ ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပြည်နယ်နှင့် တိုင်းများ၌ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ထားရှိမှု အခြေအနေ၊ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများအနေဖြင့် စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ စစ်ကိုင်း–ရွှေဘို–ကသာ ခရိုင်ချင်းဆက်လမ်းအပိုင်းကို စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်ဖြင့် ခုနစ်မိုင်နှစ်ဖာလုံ၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်ဖြင့် ၉၂မိုင် ခြောက်ဖာလုံ၊ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစီအစဉ်ဖြင့် ၁၁၃မိုင် ခုနစ်ဖာလုံ စုစုပေါင်း ခရိုင်ချင်းဆက်လမ်းမှာ ၂၁၃မိုင် ခုနစ်ဖာလုံ ဖြစ်သည်။

အမှတ်(၃) ခရိုင်ချင်းဆက်လမ်းသည် စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်သို့ ဆက်စပ်ထားပြီး စစ်ကိုင်းမြို့မှ မြစ်ကြီးနားမြို့အထိ ဧရာဝတီမြစ်အနောက်ဘက် မြစ်ကမ်းဘေး တစ်လျှောက် လမ်းသစ် ဖောက်လုပ်ခြင်းဖြစ်သည်။

ယခုအခါ စစ်ကိုင်းမြို့မှ မြစ်ကြီးနားမြို့အထိ လမ်းအူကြောင်းပေါက်သွားပြီဖြစ်ပြီး ၎င်းလမ်းအူကြောင်းကို အမှီပြု၍ လမ်းကြောင်း ကောင်းမွန်အောင် ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာ–ရွှေဘို–စစ်ကိုင်း ခရိုင်ချင်းဆက်လမ်း မိုင်တိုင် ၃၆မိုင်နှင့် ၃၇မိုင်ကြား၌ စက်ယန္တရားများဖြင့် လမ်းဖောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပျော်ရွှင်စွာ ရေပက်

မဟာသင်္ကြန် အကျနေ့က အနော်ရထာလမ်းနှင့် (၅)လမ်းထောင့်ရှိ ထွန်းရွှေဝါရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားကြသည်ကို တွေ့ရစဉ်။ (ကြေးမုံ)



ရေကစား မဏ္ဍပ်

ဧပြီ ၁၅ရက် မဟာသင်္ကြန် အကြတ်နေ့က မဟာဗန္ဓုလလမ်းနှင့် (၄၉)လမ်းထောင့် မိသားစုရေကစား မဏ္ဍပ်တွင် ပျော်ရွှင်စွာရေပက်ကစားကြသူများအား တွေ့ရစဉ်။(ကြေးမုံ)

မဟာသင်္ကြန် အကျနေ့

မြန်မာ့ရိုးရာ မဟာသင်္ကြန် အကျနေ့က ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးရှိ စိန်ဘယက် မိသားစု ရေကစားမဏ္ဍပ်၌ ဤသို့ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (ကြေးမုံ)

သတင်းစာတိုက်များစက်ကြံ့ခိုင်ရေးဆောင်ရွက်မှု ဦးဆောင်ညွှန်ကြားရေးမှူး စစ်ဆေး ပုံနှိပ်အရည်အသွေးကောင်းမွန်ရေးနှင့် စက်စွမ်းအားပြည့်လည်ပတ်ရေး မှာကြား

ရန်ကုန် ဧပြီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၃ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ရှေးဦးစွာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက်သို့နံနက်၁၀နာရီတွင် ရောက်ရှိပြီးသတင်းစာတိုက်၏ ပုံနှိပ်စက်ခန်းအတွင်း စက်များကြံ့ခိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စာတည်းမှူးချုပ် ဦးမောင်မောင်အေးနှင့် မန်နေဂျာ ဦးထွန်းထွန်းလတ်တို့က လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းက လိုအပ်ချက်များ မှာကြားပြီး ပုံနှိပ်စက်ဝန်ထမ်းများအတွက် ဝန်ကြီး၏ ဂုဏ်ပြုဆုငွေကို ပုံနှိပ်စက်ကြီးကြပ်ရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းသည် ယင်းသတင်းစာတိုက်ရှိ Imagesetter Room, Platemaker Room, Computer Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို စေတနာအပြည့်ထားဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက်ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းသည် ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းပုံနှိပ်တိုက်သို့ နံနက် ၁၁နာရီခွဲတွင် ရောက်ရှိရာ စာတည်းမှူးချုပ်ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပုံနှိပ်စက်များ၏ စက်စွမ်းအားအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုံနှိပ်တိုက်ရှိစက်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပုံနှိပ်စက်ဝန်ထမ်းများအတွက် ဝန်ကြီး၏ ဂုဏ်ပြုဆုငွေကို ပေးအပ်သည်။

ထိုမှတစ်ဆင့်ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် ဗဟန်းမြို့နယ် နတ်မောက် လမ်းသွယ်(၁)၊ အမှတ်(၅၃)ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ မွန်းလွဲ ၁၂နာရီခွဲတွင် ရောက်ရှိရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူများက ပုံနှိပ်စက်အသုံးပြုမှုနှင့် စက်ကြံ့ခိုင်ရေးစီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပုံနှိပ်စက်များအရည်အသွေး ကောင်းမွန်ပြီး စက်စွမ်းအားပြည့်လည်ပတ်နိုင်ရန်၊ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးအစဉ်အမြဲ စေတနာထားဆောင်ရွက်နေရန်၊ စက်အပိုပစ္စည်းများကို လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်လင့်တကူရရှိနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ချက်များ မှာကြားပြီး ပုံနှိပ်စက်ခန်းဝန်ထမ်းများအတွက် ဝန်ကြီး၏ ဂုဏ်ပြုဆုငွေကို စက်ခန်းကြီးကြပ်ရေးမှူးအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် မြန်မာ့အလင်းသတင်းစာတိုက် ကွန်ပျူတာခန်းနှင့် ဝန်ထမ်းအိမ်ရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဧပြီ ၁၃ရက် မဟာသင်္ကြန်အကြိုနေ့၊ ဧပြီ ၁၄ရက် မဟာသင်္ကြန်အကျနေ့နှင့် ဧပြီ ၁၅ရက် မဟာသင်္ကြန်အကြတ်နေ့တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ သုံးရက်တာနားသည်။

ဧပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့၊ ဧပြီ ၁၇ရက် ၁၃၆၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နှင့် ဧပြီ ၁၈ရက်တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ သုံးရက်တာနားမည်ဖြစ်သည်။

သတင်းစာတိုက်များသည် တစ်နှစ်တာကာလများအတွင်း သုံးရက်မျှခေတ္တနားပြီး အဆိုပါနားရက်များအတွင်း ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက ပုံနှိပ်စက်ကြံ့ခိုင်မှုများကို နားရက်မယူဘဲ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁)၊ အမှတ် (၅၃)ရှိ မြန်မာ့အလင်းသတင်းစာတိုက် ပုံနှိပ်စက် ကြံ့ခိုင်ရေး စီမံဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်း ပုံနှိပ်တိုက် ပုံနှိပ်စက်၏ စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရိုးရာအတာသင်္ကြန်

*** တန်ခူးမိဿ၊ စိတြနက္ခတ်
ရင်ခတ်ကံ့ကော်၊ထုံသင်းပျော်သည်
ပွဲတော်အတာ ထူးလှသကို။**

*** နှစ်သစ်ချစ်ဦး၊ ပျော်ရွှင်မြူးသည့်
တန်ခူးနွေလ၊ သမယခါ
ရွှေဝါပိတောက်ဖူး၊ အလှထူးလို့
နှစ်ဦးကြိုကာ၊ဝင်းထိန်ဝါသည်
ခါတော်တွင်းမို့ လင်းလှသကို။**

*** သင်္ကြန်နှစ်ဦး၊လတန်ခူးတွင်
တစ်ဦးတစ်ဦး၊ ပျော်ရွှင်မြူးစေ
တာဦးရေဖျန်း၊ သာကြည်လျှမ်း၍
ရွှင်လန်းစိတ်မှာ၊ ဘေးကင်းကွာသည်
ရာသီချိန်ခွင် သင့်လှသကို။**

*** ဗုဒ္ဓဘာသာ၊ မျိုးမြန်မာတို့
စဉ်လာမပျက်၊ သက်ကြီးဝါကြီး
လူကြီးဘိုးဘွား၊ မိဘများကို
ရေကုသိုလ်လှူ၊ အပူငြိမ်းစေ
လန်းရွှင်စေဟု၊ တောင်းဆုခြွေသည်
အတာရေမို့ အေးမြသကို။**

*** ကျောင်းကန်ဘုရား၊ အတူသွား၍
တရားသံဝေ၊ ဆုမွန်ခြွေကာ
များဝေနေယျာ၊ နှစ်ကူးခါတွင်
မင်္ဂလာအပေါင်း၊ ခညောင်းစေသား
ရုပ်ပွားရှင်တော်၊ ရေပူဇော်သည်
ရွှင်ပျော်တီးမှုတ် စုံလှသကို။**

*** စတုဒိသာ၊ ကျွေးမွေးကာဖြင့်
ရွာလယ်ဆုံရပ်၊ မဏ္ဍပ်အတွင်း
သင်္ကြန်ဒိုးသံ၊ တူးပို့ညံလျက်
တေးသံမစဲ၊ ရိုးရာပွဲကို
ဆင်နွှဲလူပျို၊ အပျိုလုံမေ
မုန့်လုံးရေပေါ်၊ စားကြပျော်ကြ
"သာလှ" "ချက်ကြီး"၊ လူပျိုကြီးတို့
ငရုတ်သီးထိသော်၊ ရှူးရှဲအော်သည်
ပွဲတော်လာတို့ ပျော်လှသကို။**

ဖိုးရန်နိုင်(ကျောက်ကြီး)

ဘဏ်အတိုးနှုန်းများ တိုးမြှင့်သတ်မှတ်

ရန်ကုန် ဧပြီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် အများပြည်သူ၏ အကျိုးကို ရှေးရှုလျက် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်လျက်ရှိသည်နှင့်အညီ ဘဏ်အတိုးနှုန်းများကို ပြန်လည်ပြင်ဆင်တိုးမြှင့် သတ်မှတ်ရန် လိုအပ် လာပါသဖြင့် ၂၀၀၆ခုနှစ် ဧပြီ ၁ရက်မှ စ၍ ဘဏ်အတိုးနှုန်းများကို အောက်ပါ အတိုင်း ပြင်ဆင်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်-

(၁) မြန်မာနိုင်ငံတော် ဗဟိုဘဏ်အတိုးနှုန်း	၁၂ ရာခိုင်နှုန်း
(၂) ပုဂ္ဂလိကဘဏ်များ၏ အတိုးနှုန်းများ	
(က) သာမန်ချေးငွေ	၁၇ ရာခိုင်နှုန်း
(ခ) အထူးစီမံကိန်းချေးငွေ(စိုက်ပျိုးရေးလုပ်ငန်းချေးငွေနှင့် စက်မှုလက်မှုလုပ်ငန်းချေးငွေ)	၁၅ ရာခိုင်နှုန်း
(ဂ) ငွေစုဘဏ်အပ်ငွေများအပေါ် အတိုးနှုန်း	၁၂ ရာခိုင်နှုန်း

(သတင်းစဉ်)

အောင်ဆန်းမိုးကုတ်ရိပ်သာ သင်္ကြန်ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၅

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇) တွင် (၁၀၇)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းဖွင့်ပွဲကို ဧပြီ ၁၁ရက်ကကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ ရွှာမပရိယတ္တိစာသင်တိုက်ပဓာနနာယက ဘဒ္ဒန္တနန္ဒဝံသကသြဝါဒကထာမြွက်ကြားဖွင့်လှစ်ပေးပြီး ပြည်တွင်း၊ ပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းမိုးကုတ်ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်သစ္စာတရားတော်များကို ဟောကြားပြသ တော်မူရာ ညအိပ်ယောဂီ ၁၈၄၁ဦး၊ နေ့ယောဂီ ၄၀၀ကျော်စုစုပေါင်းယောဂီ ၂၂၀၀ကျော် တရားစခန်းဝင် ရောက်အားထုတ်ကြကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၄-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅ ။မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅	၈။ ခါသင်္ကြန်အဆိုအကများ
၇:၅၅	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။ ဆရာတော်ဦးယောသိတ တရားတော် -စိတ္တာနုပဿနာသတိပဋ္ဌာန်
၉:၁၀	၁၂။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၁၅	၄။ မြန်မာ့ရှုခင်း
၁၂:၃၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀	၆။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -မိတ်ဆွေနှစ်ဖော်**
၀၁:၅၀	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၀၁:၅၉	၈။ အပိတ်နှုတ်ဆက်စကား
၀၂:၀၀	၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅	၄။ ခါသင်္ကြန်အဆိုအကများ
၄:၂၅	၅။ မျိုးချစ်တပ်မတော်
၄:၃၅	၆။ ခါသင်္ကြန်အဆိုအကများ
၄:၄၅	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀	၈။ **English Premier League ဘောလုံးပွဲအစီအစဉ် Aston Villa Vs Birmingham City.**
၇:၃၀	၉။ လျှပ်တစ်ပြက်
၇:၄၀	၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၅၅	၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၄။ ကျန်းမာသုတ
	၁၅။ ပဟေဠိနန်းတော်
	၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပါရမီရှင်သိုင်းလုလင် အပိုင်း(၃၂)**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

NCGUB, FTUB, ABSDF, NLD-LA အဖွဲ့အစည်းများနှင့် ယင်းအဖွဲ့ဝင်များသည် အကြမ်းဖက်သူများဖြစ် ပြည်သူများသေကျေပျက်စီးရန် မိုင်းထောင်၊ ဗုံးခွဲခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရန် မမှန်မကန်ဝါဒဖြန့်ခြင်း နိုင်ငံတော်အား အထင်အမြင်လွဲမှားစေရန် အမှန်တကယ်ဖြစ်ပျက်ခဲ့ခြင်းမရှိသော ဖြစ်ရပ်များကို လုပ်ကြံဖန်တီးခြင်း အထက်ပါလုပ်ရပ်များအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကြိုးကိုင်ညွှန်ကြားခြင်းဖြင့် အကြမ်းဖက်နှောင့်ယှက်တိုက်ခိုက်လျက်ရှိ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
ပြည်ထဲရေး ဝန်ကြီးဌာန
ကြေညာချက် အမှတ် (၁/၂၀၀၆)
နေပြည်တော် မြို့တော်၊ ၁၃၆၇ခုနှစ်
နှောင်းတန်ခူးလပြည့်နေ့ (၂၀၀၆ခုနှစ် ဧပြီလ ၁၂ရက်)
အကြမ်းဖက်သူများအဖြစ် ကြေညာခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်သူတစ်ရပ်လုံးက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိစဉ် အဖွဲ့အစည်းအချို့သည် အပြစ်မဲ့ပြည်သူလူထုအား သွေးထွက်သံယို သေကျေပျက်စီးစေခြင်းနှင့် အထိတ်တလန့်ဖြစ်စေရန် မိုင်းထောင်၊ ဗုံးခွဲခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေရန် မမှန်မကန်ဝါဒဖြန့်ခြင်း၊ နိုင်ငံတော်အား အဘက်ဘက်မှ အထင်အမြင်လွဲမှားစေရန် အမှန်တကယ်ဖြစ်ပျက်ခဲ့ခြင်းမရှိသော ဖြစ်စဉ်ဖြစ်ရပ်များကို လိမ်လည်အမှုဆင်၍ လုပ်ကြံဖန်တီး ဆောင်ရွက်ခြင်းနှင့် အထက်ပါလုပ်ရပ်များအတွက် နောက်ကွယ်မှ ငွေကြေးထောက်ပံ့ခြင်း၊ ကြိုးကိုင်ညွှန်ကြားခြင်းတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူကို အကြမ်းဖက်နှောင့်ယှက် တိုက်ခိုက်လျက်ရှိပါသည်။

၂။ အကြမ်းဖက်အဖွဲ့အစည်းအချို့၏ ရက်စက်ယုတ်မာသော ဖောက်ခွဲဖျက်ဆီးခြင်း ဖြစ်စဉ်များအနက်မှ အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ၂၇–၃–၂၀၀၃ရက်နေ့ ၀၆၂၅အချိန် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံ အဝင်ဂိတ်အနီးတွင် အလျား ၃လက်မခန့်ရှိသော TNT ယမ်းသုံး ချိန်ကိုက်မိုင်း တစ်လုံးအား တွေ့ရှိစစ်ဆေးစဉ် ပေါက်ကွဲသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းနေ့ ၁၂၅၅အချိန်တွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ မြန်မာ့ဆက်သွယ်ရေးရုံးအနီးတွင် စည်ပင်သာယာဌာနမှ သန့်ရှင်းရေး ဆောင်ရွက်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် စည်ပင်သာယာလုပ်သား အောင်ထွန်းရွှေ (၁၈)နှစ်မှာ မိုင်းစထိမှန်သေဆုံးခဲ့ရပြီး စည်ပင်သာယာလုပ်သားများဖြစ်ကြသော အောင်ဌေး၊ လှဌေးနှင့် မအေးစန်းတို့သုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါသည်။ ဖမ်းဆီးရမိထားသော ၂၁ရာစု ပြည်သူ့စွမ်းအားအဖွဲ့ People Power 21st Century (PP21) တပ်ဖွဲ့ဝင်များ၏ ထွက်ဆိုချက်အရ ၎င်းတို့အဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။ PP 21 အဖွဲ့မှာ ၁၉၉၈ခုနှစ်တွင် တစ်ဖက်နိုင်ငံ ချင်းမိုင်မြို့၌ ပြည်ပြေးစိန်ဝင်းဦးစီးသည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်ပြေးများ၊ မိုးသီးဇွန် ဦးစီးသည့် All Burma Students Democratic Front (ABSDF) မှ သောင်းကျန်းသူများဖြင့် စုပေါင်းဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

(ခ) ၂၄–၁၂–၂၀၀၄ရက်နေ့ ၁၂၀၀အချိန်ခန့်တွင် ကရင်ပြည်နယ် အောင်သံလွင် အားကစားကွင်းရှေ့ရှိ မျောက်မင်း အားကစားပစ္စည်းအရောင်းဆိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပြည်နယ်ဘောလုံးလက်ရွေးစင် လူငယ်များဖြစ်ကြသော အောင်မျိုးမြင့် (၂၀)နှစ် သေဆုံး၍ ချစ်ညီညီ(၁၉)နှစ်၊ အောင်စိုးမိုး(၁၉)နှစ်နှင့် ဆိုင်ပိုင်ရှင် ဝင်းဖုန်းကျော်(၁၇)နှစ်တို့ သုံးဦးထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။ ၂၄–၁၂–၂၀၀၅ရက်နေ့တွင် ဖမ်းဆီးရမိသော ABSDFရင်း(၉)၊ ခွဲ(၂)မှ တပ်သားအဆင့်ရှိ စန်းထွေး(ခ)ရှမ်းပုပ်၏ ဝန်ခံထွက်ဆိုချက်အရ ဖြစ်စဉ်ပါဖောက်ခွဲမှုမှာ ၎င်း၏ တပ်ခွဲမှူးဖြစ်သူ ဗိုလ်ကြီးအဆင့်ရှိ စောကျော်လေး(ခ)စောသမူဟဲက တာဝန်ပေးအပ်ခဲ့ကြောင်းနှင့် ၎င်းကိုယ်တိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

(ဂ) ၇–၅–၂၀၀၅ရက်နေ့ ၁၄၄၅အချိန်ခန့်တွင် ရန်ကုန်တိုင်း၊ မင်္ဂလာအောင်ညွန့်မြို့နယ်၊ ကုန်သွယ်မှုဗဟိုဌာန ထိုင်းကုန်စည်ပြပွဲကျင်းပရာ အဆောက်အအုံနေရာ၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ Junction-8 Shopping Center City Mart အရောင်းဆိုင်နှင့် စမ်းချောင်းမြို့နယ်၊ ဒဂုံစင်တာစသည့် နေရာသုံးနေရာ၌ တစ်ပြိုင်တည်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ ၂၃ ဦး သေဆုံးခဲ့ရပြီး၊ ၁၅၀ ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်အား စိစစ်ဖော်ထုတ်ရာတွင် ဖမ်းဆီးရမိ Network for Democracy and Dovelopment (NDD) အဖွဲ့ဝင်များနှင့် အလင်းဝင် ABSDFတပ်ဖွဲ့ဝင်များထံမှ အတည်ပြုဖော်ထုတ်ချက်အရ ဖြစ်စဉ်ပါ ဗုံးဖောက်ခွဲမှုများမှာ National Coalition Government of the Union of Burma (NCGUB), National Council of the Union of Burma (NCUB), Faderation of Trade Union of Burma (FTUB) တို့၏ ငွေကြေးအထောက်အပံ့နှင့် တာဝန်ပေးစေခိုင်းချက်များကြောင့် NDD မှအောင်မင်း၊ ABSDF မှဇော်ဝင်းလွင်၊ နဲပလဲဒိုနှင့် ကိုပေါက်တို့ ပါဝင်သောအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါ သည်။

(ဃ) ၈–၁–၂၀၀၆ရက်နေ့ ၀၈၀၅အချိန်ခန့်၌ စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်၊ နန်းဖာလုံဈေးအတွင်းရှိ စားသောက်ဆိုင်မီးဖိုခန်းတွင် ဗုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့သူဆိုင်ရှင် ဦးမောင်မောင်ထွန်း(၄၃)နှစ်သည်လည်းကောင်း၊ ၁၀၄၅အချိန်၌ "ရွှေကောင်းလျှံ" လက်ဖက်ရည်ဆိုင် မီးဖိုခန်း၌ ဗုံးပေါက်ကွဲမှုကြောင့် ဆိုင်ရှင် မောင်စိုး(ခ)စိုးမြင့်(၃၈)နှစ်သည်လည်းကောင်း မိုင်းစထိမှန်သေဆုံးခဲ့ပါသည်။ ဖြစ်စဉ်တွင် ကိုယ်တိုင်ကျူးလွန်ပါဝင်ခဲ့ပြီး ၁၅–၁–၂၀၀၆နေ့တွင် ဖမ်းဆီးရမိခဲ့သူ ABSDF (အနောက်ပိုင်း) ဒုတိယစစ်ရေးတာဝန်ခံ ချစ်သိန်းထွန်းနှင့် ABSDF (အနောက်ပိုင်း)မိုးရေးရုံးခွဲတာဝန်ခံ မောင်မောင်ဦးတို့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏ ကိုယ်တိုင်ဝန်ခံချက်များအရ ဖော်ထုတ်သိရှိရပါသည်။

၃။ ပြည်သူ၊ တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဝိုင်းဝန်းဖော်ထုတ်နိုင်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူအမြောက်အမြား ထိခိုက်သေကျေပျက်စီးမည့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ခဲ့သော ရက်စက်သည့် အကြမ်းဖက်လုပ်ရပ်များအနက်မှ အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ၄–၁–၂၀၀၀ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီး၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများဖြင့် ပြည်သူများ အေးချမ်းစွာ လှုပ်ရှားသွားလာနေစဉ်ပေါက်ကွဲစေရန် စီမံတပ်ဆင်ထားသည့် ဗုံးတစ်လုံးအား လုံခြုံရေး တပ်ဖွဲ့ဝင်များက အချိန်မီဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပါသည်။ ဖမ်းဆီးရမိထားသော PP 21 အဖွဲ့ဝင်စိုးသီဟ(ခ)သူရကျော်ဇင်၏ ဝန်ခံထွက်ဆိုချက်အရ ယင်းဖြစ်စဉ်တွင် ၎င်းကိုယ်တိုင် ဦးစီးလျက် PP 21 အဖွဲ့ဝင်များဖြစ်ကြသော ရဲကျော်စွာ၊ နိုင်နိုင်၊ မင်းမင်း(ခ)ကျော်ကျော်တို့နှင့်အတူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ် သိရှိရပါသည်။

(ခ) ၅–၂–၂၀၀၅ရက်နေ့ ၁၇၀၀အချိန်ခန့်တွင် တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ ချောင်းကြီးရပ်ကွက်၌ ABSDF အဖွဲ့မှ ဝင်းအောင်(ခ)ညိုဝင်းအောင်(ခ)စောဉာဏ်လင်းအား ၂ ဒသမ ၅လက်မခန့်ရှိ စနက်တံ တပ်ဆင်ထားသော ဝါးယမ်းတောင့် ၂၄တောင့်၊ ပေါက်ကွဲယမ်းတစ်ပေါင်၊ ပါဝါဓာတ်ခဲအကြီးငါးလုံးနှင့် မိုင်းထောင်ရာတွင် အသုံးပြုမည့် အကူပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။ ၎င်းကိုယ်တိုင် ဝန်ခံထွက်ဆိုချက်အရ တနင်္သာရီတံတားတိုင်အမှတ်(၈)အားဖျက်ဆီးရန် လာရောက်စဉ် ဖမ်းဆီးခံရကြောင်း ဖော်ထုတ်သိရှိရပါသည်။

(ဂ) ၇–၂–၂၀၀၆ရက်နေ့၀၂၀၅အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ကုန်– မန္တလေးရထားလမ်း၊ ကွင်းချောင်းတံတားရထားသံလမ်းပေါ်တွင် TNT ယမ်း ၁၀ ပေါင်ခန့်အလေးချိန်ရှိသော မိုင်းနှစ်လုံးနှင့် ဝါယာကြိုးအပျော့ ၈၅ပေတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ၁၇၃၀အချိန်တွင် အနီးရှိ သစ်ပင်ခြေရင်း၌ ပေါက်ကွဲစေရန် အသင့်ချိန်ရွယ်ထားသည့် ၃ ဒသမ ၅ ရော့ကက်လောင်ချာဗုံးသီးတစ်လုံးအား ၁၁၀၀နာရီအချိန်ကိုက်ထားသော စားပွဲတင်နာရီနှင့် ပူးတွဲချည်နှောင်ထားသည်ကို ထပ်မံတွေ့ရှိသိမ်ဆည်းရမိခဲ့ပါသည်။ မိမိအမာခံသတင်းအရ National League for Democracy (Liberated Area) (NLD-LA) မှ စံကြီးနှင့်ငါးဦးပါအဖွဲ့သည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း တစ်ဖက်နိုင်ငံ မဲဟောင်ဆောင်ဒေသဘက်မှ ပြည်တွင်းသို့ ဝင်ရောက်လာပြီး ပဲခူး၊တောင်ငူ၊ ပျဉ်းမနားလမ်းကြောင်း တစ်လျှောက် ဖြစ်စဉ်ပါနေရာတွင် ဖောက်ခွဲဖျက်ဆီးရေးအတွက် စီမံဆောင်ရွက်ထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

(ဃ) ၂၃–၂–၂၀၀၆ရက်နေ့ ၀၆၄၀အချိန်ခန့်တွင် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်အတွင်း၌ မန္တလေး–ရန်ကုန် ရထားလမ်း မိုင်တိုင်အမှတ် (၁၇၆/၂၁) သံလမ်းအောက်တွင် TNTယမ်းခုနစ်ပေါင်၊ ယမ်းပျော့မှုန့်တစ်ပေါင်၊ ရိုးရိုးယမ်းတစ်ပေါင်၊ ဒစ်တိုနီတာ ၁၂ခု၊ ဓာတ်ခဲအလုံး ၂၀တို့အား ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။ မိမိအမာခံသတင်းပေးချက်အရ NLD-LA မှ စံကြီးနှင့်ငါးဦးပါ အဖွဲ့က စီမံဆောင်ရွက်ထားခြင်းပင်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

၄။ အထက်ပါဖောက်ခွဲဖျက်ဆီးမှုများအပြင် ပြည်သူအတွင်း အကြမ်းဖက်ဆူပူမှုများ ထပ်မံဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် အောက်ပါအဖျက်အမှောင့်လုပ်ရပ်များကိုပါ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်–

(က) ၅–၇–၂၀၀၅နေ့တွင် ပဲခူးမြို့၌ဖမ်းဆီးရမိသော ပဲခူးမြို့ နန်းတော်ရာရပ် ဥဿာ(၂)လမ်း၊ အမှတ် ၉၀၀နေ လှမြင့်သန်း(ခ)လှမြင့်၏ ဝန်ခံထွက်ဆိုချက်အရ ပြည်ပအခြေစိုက် NLD-LA အတွင်းရေးမှူး မြင့်သိန်းထံမှ ၂၀၀၃ခုနှစ် ဧပြီလခန့်တွင် တရားမဝင်ဂြိုဟ်တုဖုန်း တစ်လုံး လက်ခံရယူခဲ့ပြီး ပြည်တွင်းအမာခံတာဝန်ဖြင့် နိုင်ငံတော်မတည်မငြိမ်ဖြစ်စေသော သတင်းများအား ပြည်ပရှိ NLD-LA ထံ ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

(ခ) ၂၃–၃–၂၀၀၆ရက်နေ့ ၁၁၀၀အချိန်တွင် မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့သော NDD အဖွဲ့ဝင် ဆရာရဲ(ခ)သန်းဦး၏ ဝန်ခံထွက်ဆိုချက်အရ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်သည် NCGUB မှ ပြည်ပြေးစိန်ဝင်း၏ တပည့်တစ်ဦးဖြစ်ပြီး ပြည်ပြေးစိန်ဝင်း၏ အကြံဉာဏ်ဖြင့် နိုင်ငံတကာမှ အထောက်အပံ့များရယူ၍ နိုင်ငံတော်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် FTUBကို ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်သည် နိုင်ငံတကာမှ ရရှိသောထောက်ပံ့ငွေများဖြင့် အကြမ်းဖက်ဖောက်ခွဲရေးသမားဖြစ်သည့် NDD သိန်းဝင်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း အဖျက်အမှောင့် လုပ်ငန်းမျိုးစုံ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်းနှင့် ပြည်သစ် ညွန့်ဝေ(ခ) မောင်မောင်သည် ကွန်ပျူတာအသုံးပြု ဖောက်ခွဲရေးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်သူဖြစ်ကြောင်း ဖော်ထုတ်ရရှိပါသည်။ ထို့အပြင် ဖမ်းဆီးရမိထားသော NDD အဖွဲ့ဝင် ဝေလင်း၊ အောင်မိုးနှင့် ယူနွတ်(ခ)အောင်ချိုဦးတို့ ထွက်ဆိုချက်များအရလည်း ထပ်မံအတည်ပြုသိရှိရပါသည်။

(ဂ) ၂၄–၃–၂၀၀၆နေ့ ၁၆၀၀နာရီတွင် မြဝတီဂိတ်၌ဖမ်းဆီးရမိသော ပဲခူးမြို့မှ အောင်သန်း(ခ) အောင်မိုးနှင့် ဇေယျာအောင်တို့နှစ်ဦး၏ ဝန်ခံထွက်ဆိုချက်များအရ ၎င်းတို့သည် NLD-LA လူငယ်တာဝန်ခံသောင်းဒန်ချို၏ တာဝန်ပေးချက်ဖြင့် ပြည်တွင်း၌ နိုင်ငံရေး သွေးထိုး လှုံ့ဆော်မှုများပြုလုပ်ရန်နှင့် တက္ကသိုလ်ကျောင်းသားများအား စည်းရုံးပြီး ပြည်တွင်း နိုင်ငံရေး တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လှုံ့ဆော်သည့် စာအုပ်များ ဖြန့်ဝေခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

၅။ အထက်ပါအကြမ်းဖက်မှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြင်ပမှနေ၍သော်လည်းကောင်း အောက်ပါတရားမဝင် အဖွဲ့အစည်းများက တစ်ဦးချင်းအနေဖြင့်သော် လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း ပြုလုပ်နေကြောင်း သက်သေခံအထောက်အထားများ ခိုင်လုံစွာတွေ့ရှိရပါသည်–

(က) ဒေါက်တာစိန်ဝင်းနှင့် ယင်းဦးစီးသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်း အစိုးရအဖွဲ့ (NCGUB)

(ခ) လှဦး၊ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်နှင့် ယင်းတို့ဦးစီးသော မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (FTUB)

(ဂ) သံခဲနှင့် ယင်းဦးစီးသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

(ဃ) ဝင်းခက်နှင့် ယင်းဦးစီးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (NLD-LA)

၆။ သို့ပါ၍ အထက်အပိုဒ်(၅)ပါ အဖွဲ့အစည်းများနှင့် ယင်းအဖွဲ့ဝင်များသည် အကြမ်းဖက်သူများဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

နှစ်သစ်မင်္ဂလာဓမ္မပူဇာ

ရန်ကုန် ဧပြီ ၁၅

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး တောင်ပိုင်းရပ်ကွက် ၉၃ လမ်း အောင်မင်္ဂလာဓမ္မာရုံတွင် နှစ်သစ်မင်္ဂလာဓမ္မပူဇာအဖြစ် ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒက ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်)နေ့ ည ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

ရန်ကုန် ဧပြီ ၁၅

၂၀၀၆ခုနှစ် ဧပြီ ၁၅ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၉မိနစ် ၂၈စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင် စခန်းမှ အရှေ့မြောက်ဘက် ၁၇၂ မိုင်ခန့် ကွာဝေးသော မြန်မာ–ထိုင်း နယ်စပ်အနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ် ရှိသည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၁၅

ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းရှိ မြို့နယ်များ၌ ယခုရက်ပိုင်းအတွင်း ကြက်သေဆုံးခြင်း၊ ဖျက်ဆီးခြင်းမရှိသည့်အပြင် ရောဂါပိုးထပ်မံစစ်ဆေး မတွေ့ရှိခြင်းတို့ကြောင့် "ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ပြီ" ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဧပြီ ၁၂ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာသည်။

အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ **ကမ္ဘာ့ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်း**

ကြက်ငှက်တုပ်ကွေးရောဂါ (H5 N1)သည်၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၅နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသနိုင်ငံ ၃၃ နိုင်ငံ စုစုပေါင်း ၄၈နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဧပြီလ ၁၁ ရက်အထိ လူ ၁၉၂ ဦးသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၁၀၉ ဦး အသက်ဆုံးရှုံးစေခဲ့ပါသည်။

၂။ **မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားမှု**

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလပထမပတ်မှစ၍ ရွှေဘို၊ ကန့်ဘလူမြို့နယ်များအတွင်း ကြက်သေဆုံးမှုဖြစ်ပေါ်ခဲ့ပြီး ၂၀၀၆ခုနှစ် မတ်လပထမပတ်တွင် မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ် မွေးမြူရေးခြံတစ်ခြံတွင် ကြက်သေဆုံးကောင်ရေများသဖြင့် ရောဂါရှာဖွေစစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး (H5 N1) ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ယနေ့အထိ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်သေဆုံးသည့် မြို့နယ် ၁၃ မြို့နယ်မှ ရောဂါနမူနာ ၄၇၀ မျိုး စစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၃ ခု၌ ရောဂါပိုး တွေ့ရှိခဲ့ကြောင်း၊ ရောဂါပိုးအတည်ပြုချက်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်း NIAH သို့ ပေးပို့စစ်ဆေး၍ အတည်ပြုချက်ရယူခဲ့ပြီးဖြစ်ပါသည်။

၃။ **ပြည်တွင်း၊ ပြည်ပသို့သတင်းထုတ်ပြန်မှု**

နိုင်ငံတော်အစိုးရ၊ အထက်အဖွဲ့အစည်းရုံးများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်/တိုင်း ရုံးအသီးသီးသို့ သတင်းပေးပို့အကြောင်းကြားခြင်း၊ အရှေ့တောင်အာရှနှင့် အာရှဒေသ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ် (OIE) ဗန်ကောက်နှင့် တိုကျိုသို့လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဗန်ကောက်မြို့အခြေစိုက် အရှေ့တောင်အာရှဌာနေကိုယ်စားလှယ်ရုံးနှင့် မြန်မာဌာနေကိုယ်စားလှယ်ရုံးများသို့လည်းကောင်း သတင်းပို့အကြောင်းကြားခဲ့ပါသည်။

၄။ **ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအရေးယူဆောင်ရွက်မှု**

ရောဂါဖြစ် ကြက်ခြံ၌ (၃)ကီလိုမီတာ ပတ်လည်ဧရိယာကို ရောဂါတားမြစ်နယ်မြေ (Restricted Area)၊ (၇)ကီလိုမီတာ ပတ်လည်ဧရိယာကို ထိန်းချုပ်ဧရိယာ (Control Area) အဖြစ်သတ်မှတ်ကြေညာ၍ ကြက်နှင့် ကြက်ထွက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ သယ်ဆောင်ပြောင်းရွှေ့ခြင်းများ၊ တားမြစ်ထိန်းချုပ်ခြင်း၊ ရောဂါစူးစမ်းရှာဖွေခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ရောဂါဖြစ်ကြက်ခြံမှ ကြက်များနှင့် ၎င်းခြံမှ (၁)ကီလိုမီတာ ဝန်းကျင်ရှိ ကြက်များကို ကူးစက်ရောဂါ ကျရောက်ပျံ့နှံ့မှုအန္တရာယ်ကာကွယ်ရန် (Risk Prevention) အတွက် သုတ်သင်ဖျက်ဆီးမြေမြှုပ်ခဲ့ကြောင်း၊ တိုင်းအဆင့် ရောဂါထိန်းချုပ်မှု ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့၊ ရောဂါစူးစမ်းရှာဖွေရေးအဖွဲ့၊ ကြက်သုတ်သင် ရှင်းလင်းရေးအဖွဲ့၊ ပိုးသတ်သန့်စင်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များနှင့် မွေးမြူသူများပေါင်းစပ်ပါဝင်၍ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ **ကြက်ငှက်သေဆုံး/ဖျက်ဆီးကောင်ရေ**

ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားသည့် စစ်ကိုင်းတိုင်းငါးမြို့နယ်၊ မန္တလေးတိုင်းရှစ်မြို့နယ် စုစုပေါင်း ၁၃မြို့နယ်တွင် ကြက်ခြံ ၄၈၀၃ ကြက် ၉၂၀၆ ကောင်သေဆုံးပြီး ကြက်ကောင်ရေ ၃ဒသမ၂သိန်း၊ ကြက်ဥတစ်သိန်းခန့်ဖျက်ဆီးခဲ့ပြီး ငုံးခြံ ၁၃၆ခြံ၌ ငုံး ၅၂၀၆ကောင်သေဆုံးပြီး ငုံးကောင်ရေ ၃ဒသမ၁သိန်းနှင့် ငုံးဥ ၇၇၀၀၀ခန့် ဖျက်ဆီးခဲ့ပါသည်။

၆။ **ကာကွယ်ထိန်းချုပ်ရေး ပညာပေးလုပ်ငန်းများဆောင်ရွက်မှု။** ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ ရုပ်ပြပိုစတာများ၊ မြေစိုက်ပိုစတာများကို ရောဂါဖြစ်သည့် မြို့နယ်များအပြင် ပြည်နယ်/တိုင်း အသီးသီးသို့ ဖြန့်ဝေခြင်း၊ ပိုစတာများစိုက်ထူခြင်း၊ ပြည်သူလူထုပညာပေးခြင်းတို့ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် WHO, JICA မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၇။ **အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားလျက်ရှိသည့် မြို့နယ်များအတွင်း ရောဂါစူးစမ်းရှာဖွေမှု၊ ရောဂါစစ်ဆေးမှု၊ ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြစ်ကြသော-

(က) Dr. Wantannee Kalpravidh FAO အရှေ့တောင်အာရှ ညှိနှိုင်းရေးမှူး
(ခ) Dr. John Mac Arthur အမေရိကန်နိုင်ငံ USAID အကြံပေးအရာရှိ
(ဂ) Dr. Sudarat, JICA ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးရေးကျွမ်းကျင်သူပညာရှင်
(ဃ) Dr. Parasat, FAO ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှု လေ့လာရေးကျွမ်းကျင်သူပညာရှင်တို့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၈။ FAO **ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှုလေ့လာရေး ပညာရှင်၏ သုံးသပ်တင်ပြချက်**

Dr. Parasat သည် ၂၈-၃-၂၀၀၆မှ ၁၀-၄-၂၀၀၆အထိ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းအတွင်း ရောဂါထိန်းချုပ်မှုနှင့် ရောဂါပျံ့နှံ့မှု များကို လေ့လာပြီးစီးမှုအရ သုံးသပ်အကြံပြုထားရှိသည်မှာ-

(က) ရောဂါထိန်းချုပ်သည့် နယ်မြေအတွင်း ကြက်နှင့်ကြက်ထွက်ပစ္စည်း အသုံးအဆောင်များတားမြစ်ထိန်းချုပ်မှုနှင့် (၁) ကီလိုမီတာအတွင်း ကြက်ငှက်သုတ်သင်ရှင်းလင်းဖျက်ဆီးမှုကို အင်အားပြည့်အသုံးပြုခဲ့ကြကြောင်း။
(ခ) နောက်ဆုံးအကြိမ် ကြက်သေဆုံးဖျက်ဆီးမှု ၅-၄-၂၀၀၆တွင် ကျောက်ဆည်မြို့နယ်၌ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရောဂါကူးစက်ပျံ့နှံ့မှုကို ကောင်းစွာထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း။
(ဂ) ရောဂါစူးစမ်းလေ့လာမှုကို ကန့်သတ်ဧရိယာ (Restricted Area)၊ ထိန်းချုပ်ဧရိယာ (Control Area) နှင့် ကြားခံနယ်မြေ (Buffer Area) များတွင် ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း။
(ဃ) လိုအပ်လျှင် ရောဂါဖြစ်မြို့နယ်များ၏ ကြားခံနယ်မြေများတွင် ကာကွယ်ဆေးထိုးခြင်းကို စဉ်းစားသင့်ကြောင်း အကြံပြုထားပါသည်။

၉။ **ရောဂါထိန်းချုပ်နိုင်မှုအခြေအနေ။** ယခုအခါ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ရောဂါကျရောက်ဖြစ်ပွားခဲ့သည့် ၁၃မြို့နယ်များ၌ ကြက်၊ ငုံးသေဆုံးမှုနှင့် ဖျက်ဆီးမှုမရှိခြင်းအရ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း။ အချို့မြို့နယ်များတွင် ရောဂါထိန်းချုပ်မှုကာလမှာ အမြင့်ဆုံး ၁၈ရက်နှင့် အနိမ့်ဆုံး လေးရက်ရှိပြီဖြစ်သဖြင့် လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်း ကြက်၊ဘဲ များတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး၊ ရောဂါစူးစမ်းရှာဖွေလေ့လာမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဧပြီလကုန်ခန့်တွင် အဆိုပါရောဂါဖြစ်ပွားနယ်မြေများ၌ ထပ်မံရောဂါဖြစ်ပွားပျံ့နှံ့ခြင်းမရှိပါက ရောဂါထိန်းချုပ် နယ်မြေများအဖြစ် သတ်မှတ်ထားရှိသည့် ကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများကို ရောဂါထိန်းချုပ်မှု ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်တော့မည်ဖြစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

[illegible]

မောင်ဝေလင်းအောင် B.A (Myanmar)

A.G.T.I (Electronics Communication) နှင့်

[illegible]

မခိုင်စာရွှန်း (ခ) ချိုသဲ

B.A (Business Management)

[illegible] Yuzana Garden Hotel တွင် [illegible]

နှစ်ဖက်သောမိဘများနှင့် မောင်ဝေလင်းအောင် - မခိုင်စာရွှန်း

[illegible]

ကရဝိက်ဥယျာဉ်ကမ္ဘာ

၁၃၆၈ခုနှစ် နှစ်သစ်အစမှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့စေဖို့ အစီအစဉ်လေးတွေ လုပ်ထားပါပြီ။

နံနက်ကုသိုလ်ပြု ငါးလွှတ်သူများအတွက် နံနက် ၇ နာရီမှ ၉ နာရီအထိ ဝင်ကြေးအခမဲ့။

ညနေ ၆ နာရီမှ ၈ နာရီအထိ မျှော်စင်ကျွန်းတွင် ရယ်မောပျော်ရွှင်စရာ လူရွှင်တော် ခင်လှိုင်နှင့် သူငယ်ချင်းများ၏ ဟာသရွှင်ဆေး ဖျော်ဖြေမှုကို သင်တို့အတွက် နှစ်သစ်မင်္ဂလာနေ့မှာ အပျော်လေးတွေ ဖန်တီးပေးထားပါပြီ။

လသာမြို့နယ် (၁၉)လမ်းမိသားစု မဟာသင်္ကြန် Valiant ရေကစားမဏ္ဍပ်ဖွင့်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

လသာမြို့နယ် (၁၉)လမ်းမိသားစု Valiant ရေကစားမဏ္ဍပ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၅

လသာမြို့နယ် အမှတ်(၄)ရပ်ကွက် (၁၉)လမ်းမိသားစု မဟာသင်္ကြန် Valiantရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါ မဏ္ဍပ်ရှေ့၌ကျင်းပရာ ဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၄) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ထွန်း၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ Myanmar Towards Co., Ltd. နာယက အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီတို့က ဖဲကြိုးဖြတ်၍ မဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။

ကျင်းပ

အဆိုပါ ရေကစားမဏ္ဍပ်၌ တေးသံရှင်များက တေးဂီတအဖွဲ့ဖြင့် သီဆိုဖျော်ဖြေ ဧည့်ခံပြီး စတုဒိသာ အလှူကျွေးမွေးခြင်းတို့ကို မဟာသင်္ကြန်အတက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီး
သတိပြု

ဒဂုံမြို့သစ်(တောင်ပိုင်း) သင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်

ရန်ကုန် ဧပြီ ၁၅

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ် ဗဟိုဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ကို အမှတ်(၂၂) ရပ်ကွက် ဧရာဝဏ်လမ်းမကြီး၊ ကွေ့မအိမ်ရာတွင် ဧပြီ ၁၃ရက် ညနေ ၅နာရီက ကျင်းပရာ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီး နေမျိုး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ဇနီး ဒေါ်နန်းရွှေယဉ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်အေး ဇနီး ဒေါ်လဲ့လဲ့ဆွေနှင့် ဖိတ်ကြားထားသော ဧည့်သည်များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၊ လူမှုရေးအသင်းဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး နွေနှောင်းလေပြေ ဗဟိုမဏ္ဍပ်အား အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးကြီးနေမျိုး၊ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။(ကြေးမုံ)

ပိမိတို့နိုင်ငံ၏ နယ်မြေဒေသတိုင်းသည် တိုင်းပြည်အတွက် တန်ဖိုးရှိကြသည့်ဒေသများသာဖြစ် နယ်မြေဒေသ အသီးသီး၏ အနေအထားအရ စီးပွားဖြစ်ထွန်းရန် အလားအလာကောင်းများကိုယ်စီရှိ

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသအသီးသီး စီးပွားရေးတောင့်တင်းခိုင်မာရန်တို့အတွက် ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ ညီညီညွတ်ညွတ် ကြိုးစားပမ်းစားအလုပ်လုပ်

ရန်ကုန် ဧပြီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဧပြီ ၁၂ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် အထူးလေယာဉ်ဖြင့် ရောက်ရှိသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စစ်တွေလေဆိပ်တွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေတပ်နယ်အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ်တို့မှ ဌာနဆိုင်ရာများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror — ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- *လမ်းပန်းဆက်သွယ်သွားလာမှု ခက်ခဲသည့် ရခိုင်ပြည်နယ်တွင် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကိုလည်းကောင်း၊ ပြည်ထောင်စုလမ်းမကြီးများကိုလည်းကောင်း နိုင်ငံတော်က ဘဏ္ဍာငွေကြေး အမြောက်အမြား အကုန်အကျခံကာ ဖောက်လုပ်ပေးခဲ့သည်။ ထို့ကြောင့် ယခုအခါ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားပြည်သူများသည် အခြားပြည်နယ်နှင့်တိုင်းများသို့ မော်တော်ယာဉ်များဖြင့် လွယ်လင့်တကူ ကူးသန်းသွားလာနေကြပြီး ကုန်သွယ်စီးပွားလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေကြပြီဖြစ်သည်။*
  (ခေါင်းကြီး) (စာမျက်နှာ–၂)

- *ကချင်လည်းကချင်၊ ကယားလည်းကယား၊ ကရင်လည်းကရင်မို့ နေရာတိုင်းတွင် ရှိနေကြသည်။*
  ဥမကွဲသိုက်မပျက် ရင်းနှီးချစ်ကြည်စွာ လက်တွဲနေထိုင်လျက်ရှိကြသည်။ စည်းလုံးညီညွတ်ခြင်း၏ ပြယုဂ်တစ်ခုပင် မဟုတ်ပါလား။ နှစ်စဉ်ဧပြီလရောက်တိုင်း ပြည်ထောင်စုငယ်လေးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်မြဲဖြစ်သည်။
  သင်္ကြန်ပွဲတော်ကြီးပြီးသွားလျှင် ...ချန်ထားရစ်ခဲ့သော အရာတစ်ခုရှိသည်။ ၎င်းမှာ ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့ပင်။
  မြင့်စိုး(နတလ)၏ **"ပြည်ထောင်စုပန်းရနံ့ သင်းပျံ့နေသောသင်္ကြန်"** (ဆောင်းပါး) (စာမျက်နှာ–၆)

ယနေ့မိုးလေဝသ

၁၆–၄–၂၀၀၆

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။